ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-9-2010) (၆၅၃၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် နိုင်ငံသားတိုင်းနှင့်လည်း သက်ဆိုင်။

❖ ရွေးကောက်ပွဲကြီး ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ဆောင်ရွက်နေသူများအား နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ ဝိုင်းဝန်းဆန့်ကျင် တားဆီးသွားကြရန် လိုအပ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တွင် အရေးကြုံသည့်အခါတိုင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဘေးဒုက္ခအမျိုးမျိုးကို ကျော်လွှားအောင်မြင်ခဲ့သည့် အစဉ်အလာကို နာဂစ်မုန်တိုင်းပြန်လည်ထူထောင်ရေးမှ သင်ခန်းစာယူ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးအောင်မြင်ရေး နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ကျရာကဏ္ဍက ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsor နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့မှ လပွတ္တာခရိုင် လပွတ္တာမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့*✳*

၂၉-၉-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ တိုးမြှင့်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးကို စက်တင်ဘာ ၂၇ ရက်က ဖွင့်လှစ်လိုက်သည်။ ယခင်က ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသာရှိခဲ့ရာမှ စေတနာရှင်မိသားစုက ကိုယ်တိုင်ဆောက်လုပ်လှူဒါန်းသဖြင့် ဆေးရုံသစ်ကြီး တိုးချဲ့ဖွင့်လှစ်နိုင်သည့်အတွက် မြို့နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ ဒေသအတွင်း ဆေးဝါးကုသနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာပြီဖြစ်သည်။

လပွတ္တာခရိုင် ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးနှင့် ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံများလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ ထို့အတူ ဘိုကလေးမြို့ ခုတင် (၁၀၀)ဆံ့ဆေးရုံ၊ မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတည်ဆောက်ရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပေတော့မည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သဘာဝမြေဩဇာ ထက်သန်ကောင်းမွန်သည့် လယ်ယာမြေများစွာရှိသည်။ ပင်လယ်ပြင်နှင့် မြစ်ချောင်းအင်းအိုင်ပေါများသည့်အတွက် လယ်ယာသားငါးထွက်ကုန်များ အလျှံပယ်ထွက်ရှိနေသည်။ ဒေသခံပြည်သူများအနေဖြင့် အဆိုပါအခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများကို ထိထိရောက်ရောက် အသုံးချလုပ်ကိုင်ကြရပေမည်။

အဆိုပါဒေသ၌ လွန်ခဲ့သော နှစ်နှစ်ကျော်က နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ရာ ဒေသခံပြည်သူ အများအပြား၏အသက်အိုးအိမ်စည်းစိမ်များစွာပျက်စီးဆုံးရှုံးခဲ့ကြရသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ စေတနာရှင်ပြည်သူများ၏ အားပေးကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းလုပ်ကိုင်ခဲ့ကြသည်။ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် အဟောင်းအပျက်တို့နေရာတွင် အကောင်းအသစ်တို့ဖြင့် ယခင်ကာလကထက် သာလွန်ကောင်းမွန်သည့် အနေအထားသို့ ရောက်ရှိနေပေပြီ။

ဒေသအတွင်း ပင်လယ်ပိုင်းနှင့် ဆက်စပ်သွားလာနိုင်သည့် မော်တော်ကားလမ်း ၁၁ လမ်းပါဝင်သော လမ်းကွန်ရက်ကြီးကို ဖောက်လုပ်နေပြီ။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရာဇူဒိုင်တံတားကြီးအမှတ်(၁)နှင့် (၂)အပါအဝင် တံတားကြီးငယ် လေးရာကျော်တည်ဆောက်ပေးထားပြီ။ မြေသားလမ်းအဆင့်မှ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သည်။ မော်တော်ကားလမ်းများသာမက ရထားလမ်းသစ်များလည်း ဖောက်လုပ်လျက်ရှိသည်။ ဟသ်ာတမှ ဇလွန်အထိ ရထားလမ်းပိုင်းပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီ။

ဧရာဝတီတိုင်းဒေသကြီးအတွင်းလယ်ယာသားငါး ထွက်ရှိမှုများကြောင့် စားဝတ်နေမှု ပြည့်စုံဖူလုံနေပြီ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ တိုးတက်မြင့်မားလာလျက်ရှိသည်။ ရေမြေသဘာဝ အခြေခံကောင်းများ ပြည့်စုံမှု၊ ဒေသခံပြည်သူတို့၏ လုံ့လစိုက်ထုတ်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးဒေသဖြစ်လာရေး ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် စက်တင်ဘာ ၂၅ရက် ညနေပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီး အမှတ်(၂)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံအတွင်း အမှတ်(၁)စက်တို့နှင့် အမှတ်(၂)စက်တို့မှ ဓာတ်အား ထုတ်လွှတ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အမှတ်(၃) စက်မှ ဓာတ်အားထုတ်လွှတ် မောင်းနှင်နိုင်ရန်အတွက် စက်မှုလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အမှတ်(၄) စက်အတွက် Rotor လုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်မှုလျှပ်စစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် Control Room အတွင်း၌ Computer Control System ဖြင့် ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှု၊ တမံဝဲဘက်ကမ်းရှိ ရှုရပ်မှနေ၍ ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးမှုနှင့် Spill Way (ပင်မရေပိုလွှဲ)မှ ရေလွှဲကျနေမှု အခြေအနေ၊ ပင်မတမံပေါ်မှ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများနှင့် တမံယာဘက်ကမ်း ရှုရပ်မှနေ၍ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ်မှာကြားသည်။

ယခုအခါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိ စက်အမှတ်(၁)နှင့် အမှတ်(၂)တို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်မောင်းနှင်ပေးလျက်ရှိပြီး အမှတ်(၃) စက်မှ မကြာမီ ဓာတ်အားထုတ်လွှတ်မောင်းနှင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၈

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးလှမြင့်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်ကြသည့် ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အစားအစာ ချက်ပြုတ်နည်းများကို သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအမှတ်စဉ်အသစ်ကို အောက်တိုဘာ ပထမပတ်တွင် Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) တို့က သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့်ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ အောက်တိုဘာ ပထမပတ်တွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၆၂၃၊ ၅၃၂၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ထူးချွန်ထင်ရှားတပည့်များ (အပိုင်း-၁)
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅	၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅	၁၄။	Mail Box
၆း၄၅	၁၅။	**ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း -၇)**
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရယ်စရာရွှင်စရာ ဟာသပဒေသာ -ခရေဇီအကျိုးဆောင် (မိုးခန့်၊ ပေါ်လေး၊ အုန်းသီ၊ ဗေဒါ၊ စိုပြေ၊ စံလင်း၊ ချစ်စု၊ ပြာလောင်၊ နန်းဆုရတီစိုး၊ တက္ကသိုလ်ဂွမ်းပုံ၊ နှိုင်းယှဉ်မြင့်မိုရ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
	၂၂။	Internet Website ကဏ္ဍ
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၁၉) (ဇာတ်သိမ်း)**
	၂၅။	ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

ဥတုရာသီ
တောကိုမှီ၏

စာကြည့်တိုက်သို့ ပြည်သူများပိုမိုလာရောက် စာပေဖတ်ရှုစေရေး ဆွဲဆောင်စည်းရုံး စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးနှင့် ဘာသာရပ်စုံလင်စွာထားရှိရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ပညာ့အလင်း ခေတ်မီ e. Library စာကြည့်တိုက်၊ စာပေဗိမာန် စာအုပ်ဆိုင်၊ စာပေဗိမာန် ကလေးစာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးသို့ ရောက်ရှိပြီး ပညာ့အလင်း ခေတ်မီ e. Library စာကြည့်တိုက်အတွင်းရှိ ပြည်သူ့စာဖတ်ခန်း၊ e. Library စာကြည့်တိုက်အတွင်း Internet အသုံးပြု၍ သတင်းအချက်အလက်များ ရှာဖွေအသုံးပြုနေမှု၊ ကလေးစာဖတ်ခန်းအပါအဝင် ပညာ့အလင်း ခေတ်မီ e. Library စာကြည့်တိုက်အတွင်း နိုင်ငံတကာအဆင့်မီ သုတ၊ ရသစာပေများ၊ ကလေးစာပေများ၊ ရည်ညွှန်းစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ကဏ္ဍအလိုက် စုံလင်စွာထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်သို့ ပြည်သူများ ပိုမိုလာရောက်စာပေဖတ်ရှုစေရေး ဆွဲဆောင်စည်းရုံးနိုင်ရန် ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှု မရှိစေရေး၊ စာအုပ်စာစောင်များကို ဘာသာရပ်စုံလင်စွာ ထားရှိရေး၊ ပြည်သူများ၏ အကြံပြုချက်မှတ်တမ်းများ ထားရှိရေး၊ စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုတိုးတက်ရေးအတွက် တက္ကသိုလ်စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက် စသည့် စာကြည့်တိုက်ကြီးများသို့ သွားရောက်လေ့လာ၍ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းသည် ပညာ့အလင်း ခေတ်မီ e. Library စာကြည့်တိုက်အတွင်း စာပေဗဟုသုတ ပညာရပ်များကို လေ့လာရှာမှီး ဖတ်ရှုနေကြသူများ၊ Internet အသုံးပြု၍ သတင်းအချက်အလက် ရှာဖွေအသုံးပြုနေကြသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပညာ့အလင်း ခေတ်မီ e. Libraryစာကြည့်တိုက်တွင် Internetကို ပြည်သူများအသုံးပြု၍ သတင်းအချက်အလက်များအား လိုအပ်သလို ရှာဖွေအသုံးပြုနိုင်ပြီး ပြည်တွင်းပြည်ပ နိုင်ငံတကာအဆင့်မီ သုတ၊ ရသစာပေများ၊ ကလေးစာပေများ၊ ရည်ညွှန်းစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ အပါအဝင် ပြည်တွင်းပြည်ပ စာအုပ်မျိုးစုံ စုစုပေါင်း ၁၆၈၅၇ အုပ်တို့ကို ထားရှိကာ စာပေဗဟုသုတပညာရပ်များကို မည်သူမဆို အခမဲ့ ငှားရမ်းဖတ်ရှု လေ့လာနိုင်ကြောင်းသိရသည်။

ထို့ပြင် အဆိုပါ e. Library စာကြည့်တိုက်သည် သင်ယူလေ့လာလိုစိတ်ရှိသော ပညာလိုလားသူတိုင်းအတွက် တစ်နေရာတည်းတွင် မည်သည့်အတတ်ပညာကိုမဆို၊ မည်သည့် ကျွမ်းကျင်မှုကိုမဆို သင်ယူလေ့လာနိုင်အောင် အရန်သင့်စီစဉ်ပေးထားသော စာကြည့်တိုက်ဖြစ်ပြီး အပတ်စဉ် အင်္ဂါနေ့မှ စနေနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း ဖွင့်လှစ်ထားကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဦးကျော်ဆန်းသည် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ရောက်ရှိပြီး သုတ၊ ရသ ပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များအား စုံလင်စွာ ခင်းကျင်းပြသရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စာအုပ်ဝယ်ယူလိုသူများ လိုအပ်သည့် စာအုပ်စာစောင်များကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်အောင် ဝန်ဆောင်မှုပေးနိုင်ရေး၊ ပြည်တွင်းမှ ထုတ်ဝေသည့် စာအုပ်စာစောင်များသာမက ပြည်ပမှ ထုတ်ဝေသည့် နိုင်ငံတကာ စာအုပ်စာစောင်များကိုလည်း ယခုထက် ပိုမိုခင်းကျင်းရောင်းချနိုင်ရေး၊ ဝယ်ယူသူများ၏ အကြံပြုချက်မှတ်တမ်းများထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းသည် စာပေဗိမာန် ကလေးစာကြည့်တိုက်သို့ ရောက်ရှိပြီး စာဖတ်ခန်း၊ ဆေးရောင်ခြယ်ခန်း၊ TV၊ ဗီဒီယိုနှင့် TV Games ခန်းများ၊ ပြည်တွင်း ပြည်ပ ကလေးစာပေများ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ ကဏ္ဍအလိုက် စုံလင်စွာထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကလေးသူငယ်များ ငယ်စဉ်မှပင် စာအုပ်စာပေများနှင့်ရင်းနှီးပြီး စာပေဖတ်ရှုလေ့လာခြင်းတွင် မွေ့လျော်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ စာပေဗိမာန်ကလေး စာကြည့်တိုက်တွင် ကလေးသူငယ်များ စာပေဖတ်ရှုနိုင်ရန် ကလေးစာပေ မြန်မာစာအုပ် ၉၆၀၊ အင်္ဂလိပ်စာအုပ် ၁၅၀၀၊ ဂျာနယ် ၂၀၀၀ နှင့် မဂ္ဂဇင်း ၆၀၀ တို့ကို ကဏ္ဍအလိုက် ထားရှိပြီး ကလေးသူငယ်များ အပန်းဖြေရန် TV နှင့် ဗီဒီယို၊ TV Games များကို စုံလင်စွာထားရှိထားကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းသည် စာပေဗိမာန်ပြည်သူ့ စာကြည့်တိုက်သို့ ရောက်ရှိကာ သုတ၊ ရသစာပေများ၊ ကလေးစာပေများ၊ ရည်ညွှန်းစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ ကဏ္ဍအလိုက် စုံလင်စွာထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှားပါးစာအုပ်စာစောင်များ မပျောက်ပျက်အောင် ထိန်းသိမ်းထားရှိရေးနှင့် ထပ်မံရှာဖွေ စုဆောင်းထားရှိရေး၊ စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက် စာရင်းဇယားများစနစ်တကျထားရှိရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ စာပေဗိမာန်ပြည်သူ့ စာကြည့်တိုက်တွင် ပြည်တွင်းပြည်ပ နိုင်ငံတကာအဆင့်မီ သုတ၊ ရသစာပေများ၊ ကလေးစာပေများ၊ ရည်ညွှန်းစာအုပ်များ၊ ရှားပါးစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ အပါအဝင် စာအုပ်စာစောင် စုစုပေါင်း ၆၂၀၀၀ ကျော်ကို ထားရှိပြီး တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ၊ စနေနေ့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ထားရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်း ခေတ်မီ e.Library စာကြည့်တိုက်အတွင်း စာပေဗဟုသုတ ပညာရပ်များကို လေ့လာရှာမှီး ဖတ်ရှုနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ "ရာဇူဗိုင်တံတား(အမှတ်-၁)"
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "ကုသမနှေးတီဘီဘေး"
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ သီချင်းကြီးပဒေသာ
၅း၀၀ ၇။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၁၀ ၈။ International Science News
၅း၁၅ ၉။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၀၅ ၁၄။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇း၄၀ ၁၅။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၈၁)**
၂၁။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဥက္ကသေနဇာတ်တော်ကြီးပြိုင်ပွဲ" (ပထမဆု)(ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
၂၂။ အစီအစဉ်ပြီး၏။

(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဘော်လီဘောပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း တတိယကြေးတံဆိပ်ဆုရရှိ

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစတင်၍ ထိုင်းနိုင်ငံ Ratchaburi မြို့၌ ကျင်းပခဲ့သော ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဘော်လီဘောပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်ဘော်လီဘော အမျိုးသား(လူငယ်)အသင်းက တတိယကြေးတံဆိပ်ဆု ရရှိသည်။

စက်တင်ဘာ ၂၅ ရက် ပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက်တွင် မြန်မာက ဗီယက်နမ်ကို သုံးပွဲ-နှစ်ပွဲဖြင့် နိုင်ခဲ့သည်။ စက်တင်ဘာ ၂၇ ရက်တွင် မြန်မာက အင်ဒိုနီးရှားကို တစ်ပွဲ-သုံးပွဲဖြင့် ရှုံးနိမ့်ပြီး စက်တင်ဘာ ၂၈ ရက်တွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်နိုင်သည်။

တတိယဆု

ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ မြန်မာလက်ရွေးစင် အမျိုးသား(လူငယ်) အသင်းက လေးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် တတိယကြေးတံဆိပ်ဆု ရရှိခြင်းဖြစ်သည်။

မြန်မာလက်ရွေးစင် အမျိုးသား(လူငယ်) ဘော်လီဘောအသင်းသည် စက်တင်ဘာ ၃၀ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်သူ့ပါတီက

၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၈

ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာ စောစိုင်မွန်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

"အားလုံးမင်္ဂလာပါ"

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ဥက္ကဋ္ဌ စောထွန်းအောင်မြင့် ဖြစ်ပါတယ်။ ကရင်အမည်ကတော့ စောဆာတူဝေါ ဖြစ်ပါတယ်။ ယခုလို ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ စကားပြောဆိုခွင့်ရရှိတဲ့အတွက် လုပ်သားပြည်သူအားလုံးနှင့် စီစဉ်ပေးတဲ့ အာဏာပိုင်အဖွဲ့ကိုပါ အထူးကျေးဇူးတင်ရှိပါတယ်။ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့အမည်ဖြစ်တဲ့ (ကရင်ပြည်သူ့ပါတီ)ရဲ့ အဓိပ္ပာယ်ကို စတင်ရှင်းလင်းပါမယ်။ ကရင်ပြည်သူ့ပါတီကို ကရင်အမျိုးသားများက ဦးဆောင်သောကြောင့် ကရင်ပြည်သူ့ပါတီဟုခေါ်သော်လည်း အားလုံးသော ပြည်ထောင်စုဖွား တိုင်းရင်းသား လုပ်သားပြည်သူလူထုအားလုံးကို ကိုယ်စားပြုတဲ့အနေဖြင့် **ပြည်သူ (Peoples)** ဆိုတဲ့ ဝေါဟာရကို ထည့်ထားပါတယ်။ **ပြည်သူ (Peoples)** ဆိုတဲ့ ဝေါဟာရဟာ နိုင်ငံရေးအဘိဓာန်မှာပဲ ရှိတယ်။ အောက်ခြေလူတန်းစား၊ သာမန်ပြည်သူများ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ပြည်သူအများစုကို ကိုယ်စားပြုသူများဟု အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ကရင်သာမကဘဲ လူမျိုးပေါင်းစုံဖြစ်တဲ့ ပြည်သူများပါဝင်နိုင်ကြောင်း ပဏာမပြောကြားလိုပါတယ်။ အမြင်ကျဉ်းမြောင်းသော လူမျိုးစုအမြင်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးပါဝင်ကြောင်း ရှင်းလင်းပြောပြလိုပါတယ်။ တိုင်းရင်းသား လုပ်သားပြည်သူအားလုံး ပါဝင်နိုင်ပြီး ပါတီမှလည်း ဝင်ရောက်ရွေးချယ်ခံနိုင်ပါတယ်။

ကရင်ပြည်သူ့ပါတီကိုဖွဲ့စည်းပြီး ဘာကြောင့် ရွေးကောက်ပွဲဝင်သလဲဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါရှိတဲ့ ကရင်တစ်မျိုးသားလုံးအတွက် ရရှိသင့်၊ ရရှိထိုက်သော အခွင့်အလမ်း Space နဲ့ နေရာ Platform ကိုယူပြီး ကိုယ်စားပြုပြောဆိုနိုင်ရန်နှင့် ကရင်အမျိုးသားအပါအဝင်ဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးပြုနိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီရဲ့ သဘောထားခံယူချက်ကတော့ တိုင်းပြည်အေးချမ်းသာယာမှ တိုင်းပြည်စီးပွားရေး ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မယ်။ ဒါမှ တစ်ဦးချင်း လူနေမှုအဆင့်ကောင်းမွန်လာပြီး တစ်တိုင်းပြည်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မယ်လို့ မြင်ပါတယ်။

နိုင်ငံရေးအမြင်ကတော့ ချက်ချင်းလက်ငင်း ဒီမိုကရေစီ အပြည့်အဝရရှိမယ်ဆိုတာကို မဖြစ်နိုင်သေးဘူးလို့ ထင်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ စိတ်ရှည်လက်ရှည် သည်းခံညှိနှိုင်းပြီး အသွင်ကူးပြောင်းရမယ့်ဖြစ်စဉ်လို့ပဲ ထင်ပါတယ်။ ဆန္ဒစောပြီးလုပ်ဆောင်ရင် တိုင်းပြည်နစ်နာသွားစရာအကြောင်း ရှိနိုင်ပါတယ်။

စီးပွားရေးအမြင်ကတော့ ဈေးကွက်စီးပွားရေးပီပီပြင်ပြင် အချုပ်အချယ်မရှိ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်လျှင် တိုင်းပြည် ပိုမိုတိုးတက်ချောင်လည်လာမည်ဟု ထင်မြင်ပါတယ်။

ပညာရေးအမြင်ကတော့ လူတိုင်း၊ ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်သင့်ပါတယ်။ တိုင်းရင်းသား လူနည်းစုများကိုလည်း မိမိ ဘာသာ စာပေများကို သင်ကြားခွင့်ပြုသင့်တယ်လို့ ထင်ပါတယ်။ ပြည်ထောင်စုကြီးဟာ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းနေတာ အရှိဖြစ်နေတဲ့အတွက် ဤအရှိဖြစ်စဉ်ကို လက်ခံပြီး မတူကွဲပြားမှုများကနေပြီး စည်းလုံးညီညွတ်မှုရရှိနိုင်မယ့် နည်းလမ်းကို ရှာဖွေဖော်ထုတ်သင့်ပါတယ်။

ကျန်းမာရေးအမြင်ကတော့ အောက်ခြေပြည်သူလူထုအတွက် အကုန်အကျသက်သာသောဆေးဝါးကုသမှုစနစ် အကောင်အထည်ဖော်သင့်ပါတယ်။ တစ်နည်းအားဖြင့် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့် ခွဲဝေပေးသင့်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးက ပြည်သူလူထုအတွက် အကောင်းဆုံးအရင်းအနှီးဆိုတဲ့ အမြင်ရရှိမှသာလျှင် တိုးတက်အောင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လူမှုရေးအမြင်ကတော့ စိတ်ရင်းစေတနာကောင်းဖြင့် ဖွဲ့စည်းသော အဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုပြီး အားပေးကူညီ ပံ့ပိုးသင့်တယ်လို့ ထင်ပါတယ်။

တိုင်းရင်းသားရေးအမြင်ကတော့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်မှုရရှိပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု အပြည့်အဝရရှိစေရန်အတွက် သဘောထားကြီးကြီးထားပြီး နည်းမျိုးစုံဖြင့် မရမနေ ကြိုးစားဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။

တစ်မျိုးသားလုံး ပြန်လည် စည်းလုံးညီညွတ်ရေးအမြင်ကတော့ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုလမ်းကြောင်းဖွင့်ပြီး တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်ချမှတ် ပြုလုပ်သွားသင့်တယ်လို့ မြင်ပါတယ်။

အခြားပါတီများပေါ် သဘောထားအနေဖြင့် အခြားသော ကရင်ပါတီများနှင့်သော် လည်းကောင်း၊ အခြားပါတီမှ ကရင်အမျိုးသားများနှင့်သော် လည်းကောင်း ဦးတည်ချက်ချင်းတူလျှင် လက်တွဲဆောင်ရွက်သွားပါမယ်။ မည်သည့် ပါတီနှင့်မဆို အခြေခံသဘောထားတူညီလျှင် လက်တွဲဆောင်ရွက်ကြမည်ဖြစ်ပါတယ်။

ကရင်ပြည်သူ့ပါတီရဲ့ ရွေးချယ်မှုလမ်းကြောင်းကတော့ ပြည်သူများအတွက် အကျိုးရှိမယ်ဆိုလျှင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ လုပ်ကိုင်ဆောင်ရွက်သွားပါမယ်။ အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်ပြီး တိုင်းပြည်၏ ရေရှည်အကျိုးကိုသာ အဓိကထား ရပ်တည်ဆောင်ရွက်မည်ဖြစ်ပါတယ်။

လက်ရှိ ရွေးချယ်တင်မြှောက်ပွဲအပေါ် ချမှတ်သော ဦးတည်ချက်ကတော့ ကရင်တိုင်းရင်းသားအရေးကို လုပ်ဆောင်နိုင်မယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကို အဓိကထားပါမယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကို အင်အားရှိသရွေ့ ဝင်ရောက်အရွေးခံပါမယ်။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်မယ့် တိုင်းဒေသကြီးလွှတ်တော်ကို ဒုတိယဦးစားပေး ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ ဒါကြောင့် ယခုရွေးချယ်တင်မြှောက်ပွဲမှာ-

တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်	-	၅	နေရာ
တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်	-	၂၄	နေရာ
အမျိုးသားလွှတ်တော်	-	၅	နေရာ
ပြည်သူ့လွှတ်တော်	-	၇	နေရာ

စုစုပေါင်းလွှတ်တော် ၄၁ နေရာကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

နောက်ဆုံး ပြည်သူလူထုကို ပြောကြားလိုတာကတော့ ရွေးကောက်ပွဲနေ့ကြီးကို စိတ်ရှည်သည်းခံခြင်းအပြည့်အဝဖြင့် စောင့်ဆိုင်းပြီး မိမိကိုယ်တိုင်ပိုင်ဆိုင်တဲ့ အသည်းကြားက မဲတစ်ပြားနဲ့ကို မိမိစိတ်ကြိုက်ခေါင်းဆောင်ကို ရွေးချယ်မဲပေးကြပါ။ ရွေးကောက်ပွဲကြီးက အမှန်တကယ်ဖြစ်ပေါ်လာပြီဖြစ်တဲ့အတွက် မဲမပေးဘဲနေတာကဘာမှအပြောင်းအလဲတစ်ရပ် ဖြစ်မလာနိုင်ပါဘူး။ မိမိမဲတစ်ပြားအပါအဝင် ပြည်သူအားလုံးရဲ့ မဲများနဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ အပြောင်းအလဲတစ်ခုဖြစ်ပေါ်စေရန် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့လို့ နိဂုံးချုပ်ပြောကြားလိုပါတယ်။ ။

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ ဒုတိယဥက္ကဋ္ဌ(၁) တာဝန် ထမ်းဆောင်တဲ့ ပါမောက္ခ ဒေါက်တာစောစိုင်မွန်ဖြစ်ပါတယ်။ ခုလို ပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ပြည်သူလူထုအပေါင်းမင်္ဂလာအပေါင်းနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆန္ဒပြုပါတယ်။

ကျွန်တော့်ဥက္ကဋ္ဌကြီးက ပါတီရဲ့မူဝါဒ၊ လမ်းစဉ်နှင့် ရပ်တည်ချက်တွေကို ပြောကြားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေဖြင့် ပြည်သူလူထု၊ အထူးသဖြင့် ကရင်ပြည်သူလူထုအတွင်းမှာ ရှင်းရှင်းလင်းလင်းမသိသေးတဲ့ အကြောင်းအချက်အလက်အချို့ကို ပြောကြားလိုပါတယ်။

ပထမဦးဆုံးကိစ္စကတော့ ပင်စင်စားဝန်ထမ်းဘဝကနေပြီးတော့ နိုင်ငံရေးလောကထဲဘာဖြစ်လို့ဝင်လာသလဲဆိုတာကို ပြောကြားလိုပါတယ်။ တိုတိုနဲ့ လိုရင်းကိုပြောရရင် ဘဝနေဝင်ချိန်၊ ဘဝနိဂုံးအပိုင်းမှာ လူငယ်မျိုးဆက်သစ်တွေအတွက် ကိုယ်တတ်သမျှမှတ်သမျှ ကိုယ်ရရှိပြုစုပျိုးထောင်လာခဲ့တဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီး **အကောင်းဆုံးအမွေ**တစ်ခုထားခဲ့လိုခြင်းပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံရှိသော ပြည်သူ့အစိုးရသို့ ပြောင်းလဲမှုအစဉ်မှာ ကိုယ်တတ်စွမ်းသမျှ ပါဝင်ခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းပြုပြည်ပြုအခန်းကဏ္ဍမှာပါဝင်ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ထမ်းအငြိမ်းစားဘဝကလာသူမို့ နိုင်ငံရေးသမားတော့ ပီပီပြင်ပြင်မဖြစ်နိုင်ဘဲ တိုင်းပြုပြည်ပြုပုဂ္ဂိုလ် (Statesman) သာဖြစ်နိုင်မယ်လို့ထင်ပါတယ်။

ဥက္ကဋ္ဌကြီးပြောတဲ့ ကရင်လူမျိုးအတွက်၊ ပြည်သူလူထုအတွက် Platform & Space ဖန်တီးပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုး ဗမာအပါအဝင် ရှစ်ဖွဲ့ရှိရာမှာ ဒီတိုင်းရင်းသားမဏ္ဍိုင်ရှစ်တိုင်မှာ ကရင်တိုင်းရင်းသားမဏ္ဍိုင်မှာ ခိုင်ခိုင်ခံ့ခံ့ရှိစေချင်တယ်။ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ဖို့ အကျိုးပြုလုပ်ငန်းလုပ်ခြင်းပါပဲ။

ကျွန်တော်တို့ဟာ တပ်က၊ ပြည်သူ့ရဲက၊ ဝန်ထမ်းကလာတဲ့ပုဂ္ဂိုလ်တွေ ဖြစ်သော်လည်း ယခုအခါ ပြည်သူထဲကပေါက်ဖွားလာတဲ့ ပြည်သူတွေဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူရဲ့ဆန္ဒသဘောထားကို ခြုံမိငုံမိကြသူများ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီတွေအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးထားပါတယ်။ ကျွန်တော်တို့လိုပဲ ရွေးကောက်ပွဲဝင်တဲ့ ကျန်ပါတီများလည်း ဝန်ခံကတိလက်မှတ်ရေးထိုးသည့် ပါတီများသာ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းသည့်ကာလမှာ တပ်မတော်မှ ၂၅ ရာခိုင်နှုန်း ကိုယ်စားလှယ်များယူထားမှုကို နားလည်သဘောပေါက်ပေးခဲ့ပြီဖြစ်တဲ့အတွက် တပ်မတော်အစိုးရအနေဖြင့် ပြည်သူ့ပါတီများအပေါ် နားလည်မှုထားလျက် သဘောကြီးမှုကို ပြသသည့်အနေဖြင့် ယခု ပြည်သူ့အစိုးရသို့ အပြောင်းအလဲ လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲဖြစ်စေရန် အကောင်းဆုံးဆောင်ရွက်ပေးမယ်လို့ ပါဝင်ယှဉ်ပြိုင်သူအားလုံး ယုံကြည်လက်ခံထားမယ်လို့ ထင်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တို့တွင် ရေးဆွဲကျင့်သုံးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ကျင့်သုံးဆောင်ရွက်နေလျက်ရှိပါတယ်။ ယခင်က ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြန်မာနိုင်ငံရှိ လူနည်းစုအခွင့်အရေးကို ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၆၁)၌သာ လူနည်းစုအခွင့်အရေးပြဋ္ဌာန်းချက် ပါရှိပါတယ်။

ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာနေထိုင်ကြပါတယ်။ ကရင်လူမျိုးတို့သည် အမျိုးသားနိုင်ငံရေးအမြင် နိုးကြားမှုမှာလည်း အလွန်ပင်အားနည်းနေပါတယ်။ ကရင်လူမျိုးတို့၏ တိုးတက်ဖွံ့ဖြိုးရေး ရည်မှန်းချက်မှာလည်း ပျောက်ကွယ်နေပါတယ်။

သို့ပါ၍ ကရင်ပြည်သူ့ပါတီသည် အောက်ပါအချက် (၃)ချက်ကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်-

(၁) ကရင်လူမျိုးတို့၏ ပြန့်ကျဲနေမှုကို ပြန်လည်ကောက်သင်းကောက်စုစည်းရေး

(၂) ကရင်လူမျိုးတို့ အမျိုးသားနိုင်ငံရေးအမြင် ရှင်သန်ရေး

(၃) ကရင်လူမျိုးတို့၏ လူနေမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

ကို ဆောင်ရွက်ရေး ဖြစ်ပါတယ်။

ကရင်တိုင်းရင်းသားရေးရာအတွက် ကိုယ်စားလှယ် (၅)ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ တစ်ဦးစီရပါတယ်။ ကရင်ရေးရာကိစ္စကို ဆောင်ရွက်မည့် ကိုယ်စားလှယ်ဟာ အမှန်တကယ် ကရင်လူထုအများစုကို ကိုယ်စားပြု ဆောင်ရွက်ရမည့်သူဖြစ်တယ်။ ကရင်တိုင်းရင်းသားပါတီမှ ကရင်ကိုယ်စားလှယ်သာလျှင် ကရင်အမျိုးသားကိစ္စကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်မယ်လို့ပဲ ကရင်လူထုကို ပြောလိုပါတယ်။

လွတ်လပ်ပြီးမျှတသော free and fair election ဟာ အမှန်တကယ်လိုအပ်ပါတယ်။ ပြည်သူတွေဟာ မိမိဆန္ဒကို ဘယ်ပယောဂမှမပါဘဲ ဖော်ထုတ်နိုင်မှသာလျှင် ပြည်သူ့အစိုးရပုံစံသို့ ပီပီပြင်ပြင်ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ free and fair election ဟာ ဤရွေးချယ်တင်မြှောက်ပွဲရဲ့အသက်ဖြစ်သလို အများပြည်သူရဲ့ ဆန္ဒအမှန်ကို ဖော်ထုတ်ပြသခွင့်ရပါမှ အနာဂတ်ရဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနိုင်မှာ ဖြစ်ပါတယ်။ free and fair election သာလျှင် ကရင်ရေးရာကိုယ်စားလှယ်အစစ်အမှန်ကို ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီဟာ ပြည်မတွင်မကပါဘူး၊ ကရင်ပြည်နယ်မှာလည်း ဝင်နိုင်တဲ့နေရာတွေ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ဆက်စပ်တဲ့ သံတောင်မြို့နယ်မှာ ကိုယ်စားလှယ်(၄)ဦးတောင် ဝင်ခဲ့ပါတယ်။ ကျန်ကရင်ပြည်နယ်ဒေသတွေတော့ ဒေသခံ ကရင်ပါတီ (ဖလုံနှင့်စဝ့ော်) ပါတီကို ဦးစားပေး အခွင့်အရေးပေးလိုက်ခြင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်ရဲ့ ထူးခြားတဲ့အခြေအနေကို ဒေသခံပါတီကသာ နားလည်နိုင်ပါတယ်။ နောင်လာမည့်ရွေးကောက်ပွဲမှာ လိုအပ်ပါက ကရင်ပြည်နယ်မှာ တိုးချဲ့ဝင်ရောက် ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပါတီဟာ ယခုမှ စတင်ဖွဲ့စည်းတဲ့ပါတီဖြစ်ပြီး သက်တမ်းနုသေးတဲ့အတွက် မိမိပါတီအနေဖြင့် တာဝန်မယူနိုင်သော ကတိများ၊ လက်လှမ်းမမီသေးတဲ့ ကတိဝန်ခံချက်များ ပေးမည်မဟုတ်ပါ။ ပြည်သူလူထုအတွက်နဲ့ ကရင်လူထုအတွက် အချိန်အခါနဲ့ အခြေအနေပေါ်မူတည်ပြီး အခြားခံစားချက်တူ၊ အမြင်တူ၊ ခံယူချက်တူတဲ့ ပါတီများနဲ့ ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသာ ကတိပေးနိုင်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီဟာ ယခုရွေးချယ်တင်မြှောက်ပွဲမှာ ကိုယ်စားလှယ် (၄၁) ဦးသာ ဝင်ရောက်နိုင်ပါတယ်။ အရေအတွက်နည်းသော်လည်း ပြည်သူလူထုအကျိုးကို အမှန်တကယ်လုပ်ဆောင်ပေးမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ပြည်သူလူထုများက တစ်ခဲနက်ထောက်ခံအားပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကရင်ပြည်သူ့ပါတီဟာ စဉ်ဆက်မပြတ် ပြည်သူလူထုအကျိုးကို နည်းမျိုးစုံ ကြိုးပမ်းဆောင်ရွက်နေမယ်ဖြစ်ပြီး ကရင်များအပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားနိုင်ဖို့ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက် သွားမယ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပြည်သူများရဲ့မေတ္တာကို ခံယူပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ သန်လျင်မြို့နယ် နယ်မြေခံတပ်ရင်းရှိ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး ရှေးဦးစွာ တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအား တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နယ်မြေခံတပ်ရင်း မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တပ်အတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာစေရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်း ကျင်းပသည့် မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung -Jae၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-Jae နှင့် အက်စကက်အမှုဆောင် အတွင်းရေးမှူးချုပ်ဟောင်း Mr. Kim Hak Su တို့က အမှာစကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးစိုးသာနှင့် ဒုတိယဝန်ကြီး ဦးသူရိန်ဇော်တို့ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ နည်းဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Joo, Hyung Hwan က ‘Trends in Global Economic Situations’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်တို့က "Current Situation and the Prospect for Economy in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Ewha Women's University မှ ပါမောက္ခ Mr.Jo,Dong Ho က ‘Korea's Experiences in Economic Development and Market- Oriented Economic Policy’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Kangwon တက္ကသိုလ်မှ ပါမောက္ခ Mr.KIM, Kyung Ryang က ‘Korea’s Experiences in Developing Agricultural Sector’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစန္ဒာဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်ဇော်တို့က ‘Role of State and Private Sector in Myanmar's Economic Development Process’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြသူဇာက ‘Myanmar's Policy for FDI: Current Situation and the Future’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Presidential Committee ညွှန်ကြားရေးမှူးချုပ် Mr. Choi., Chang Won က ‘Korea's Green Growth Strategy’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဖေဇင်ထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့က ‘Natural Resource Development Policy / Strategy: Current Situation and the Future’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Korea Institute for International Economic Policy မှ Mr. Cheon Jae Wan က ‘Analysis of Myanmar-Korea Economic Structure and Cooperation Strategy’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Korea Development Institute မှ Mr. Seol, Kwang Eon က ‘Introduction on Knowledge Sharing Program’ ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung -Jae အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အက်စကက်အမှုဆောင် အတွင်းရေးမှူးချုပ်ဟောင်း Mr. Kim Hak Su အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသူများက အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၃၀ “အသေလှတဲ့သူ”
တရားတော် (အပိုင်း-၂)
(ဆရာတော်အရှင်ဆန္ဒာဓိက)
၆း၃၅ စေတီတို့ရဲ့နောင်တော်
တွံတေးရွှေဆံတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“လောကဝက်ပါ”
(အပိုင်း-၂၈)
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“ပြောင်းလဲမရတဲ့အချစ်”
(အပိုင်း-၁၂၂)
၈း၄၀ Road To Phyu Phyu Kyaw
Thein Solo Concert
၈း၅၀ Activities In The City
-Raffles Education Corporation
မှကြီးမှူးကျင်းပသော Recycle and
Reuse Workshop
-School of Logistics & Supply
Chain Management မှကျင်းပသော
Diploma in Shipping Business
(UK) အတွက်မိတ်ဆက်ပွဲ
၉း၃၀ အားကစားမြင်ကွင်းစုံ
(ဇာနည်၊ ဇော်လင်းထွန်း၊မြတ်သူရ)
၉း၅၀ ဒေါနတောင်တန်းကြီးနဲ့
သာယာလှပနေသော
ကော့ကရိတ်မြို့
၁၀း၀၅ Industrial Talk
[ဒေါက်တာအောင်ငွေဦး၊
ဒေါက်တာတင်အောင်ရွှေ
(သုတေသီ)]
၁၀း၄၀ ဓာတ်ပုံထဲမှအမှတ်တရများ
(အကယ်ဒမီများရှင်ဝါဝါဝင်းရွှေ၏
ဓာတ်ပုံထဲမှအမှတ်တရများ)
(အပိုင်း-၂)
၁၁း၁၅ သင်ယူလေ့လာ ဂီတပညာ
(Film Score Module;01)
၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ
အန္တရာယ်(ပါမောက္ခဦးမြသော်)
၁၂း၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ
(ဘီအိုထက်-မျက်လုံးများဖွင့်)
၁း၀၀ “အသေလှတဲ့သူ”တရားတော်
(အပိုင်း-၂)
(ဆရာတော်အရှင်ဆန္ဒာဓိက)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
(ဦးနှောက်နဲ့ဆုံးဖြတ်
တာကောင်းတယ်၊
နှလုံးသားနဲ့ဆုံးဖြတ်
တာကောင်းတယ်)
၃း၁၀ မူဟန်ကိုယ်စီတေးကိုသီ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“လောကဝက်ပါ”(အပိုင်း-၂၈)
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“ပြောင်းလဲမရတဲ့အချစ်”
(အပိုင်း-၁၂၂)
၄း၄၀ အိမ်တွင်းစီးပွားမုန့်လုပ်နည်း
ပညာများ
(နာနတ်ယိုပြုလုပ်ရအောင်)
၅း၀၅ သီချင်းကောင်းကောင်း
သီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန်
(Unique Life Education
Center)
၆း၃၀ Road To Phyu Phyu Kyaw
Thein Solo Concert
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“လောကဝက်ပါ”(အပိုင်း-၂၉)
၇း၁၅ Cartoon Show Time
(MEET THE ROBINSONS)
၇း၄၀ A Night of Pop
ကြိုတင်ပြင်ဆင်နေမှုများ
၈း၀၀ MRTV-4 သတင်း
-နိုင်ငံရေးပါတီများ၏ဟောပြော
ချက်အစီအစဉ်
၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ
(မျိုးထက်)
၉း၀၅ Celebrity Style
(အောင်ရဲလင်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“ပြောင်းလဲမရတဲ့အချစ်”
(အပိုင်း-၁၂၃)
၁၀း၁၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
(ကျော်ကြားသူတို့နားခိုရာ-
မေစံပယ်ညို)
၁၀း၃၅ Activities In The City
-Raffles Education Corporation
မှကြီးမှူးကျင်းပသော Recycle and
Reuse Workshop
-School of Logistics & Supply
Chain Management မှကျင်းပသော
Diploma in Shipping Business
(UK) အတွက်မိတ်ဆက်ပွဲ
၁၁း၁၀ World of Knowledge
(Waking The Baby Mammoth)
၁၂း၀၀ ဒေါနတောင်တန်းကြီးနဲ့
သာယာလှပနေသော
ကော့ကရိတ်မြို့
၁၂း၁၅ Industrial Talk
၁၂း၄၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
(ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၁း၁၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
(Pluto Pet Shop)
၁း၃၅ ကျေးဇူးတင်ပါတယ်ဒီအိုတီအက်စ်
(လွင်မိုး၊ထွန်းထွန်းဝင်း၊
အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်)
(ဒါရိုက်တာ-စိုးကျော်ဆန်း)
၁း၅၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ
(မဟာရန်ကုန်စံပြသဘင်)
(အပိုင်း-၂)
၂း၁၅ သုခရိပ်မြုံဂေဟာမှပွင့်လန်းနေသော
ပန်းကလေးများ
၂း၃၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
(အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
၂း၅၀ မြန်မာ့သနပ်ခါး
၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၅ ဖန်ဆင်းရေးခြယ်
လက်ရာအသွယ်သွယ်
၄း၄၅ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2010

“သက်ရွယ်စုံညီ၊ လူ့အောင်ဆီသို့”

"TOWARDS A SOCIETY FOR ALL AGES"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြတ်သောကျေးဇူး ဆပ်ဖူးပါစေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှည်လျားသော သမိုင်းစဉ်တစ်လျှောက် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ဖြစ်တည်ခဲ့ပြီး ယဉ်ကျေးမှုအမွေကောင်းများကို လက်ဆင့်ကမ်း သယ်ဆောင်လျက်ရှိသည်။ ရှေးမြန်မာမင်းအဆက်ဆက်မှ မျက်မှောက်ခေတ်သို့တိုင် စောင့်ထိန်းခဲ့သော မြန်မာတို့၏ ရိုးရာအစဉ်အလာနှင့် ယဉ်ကျေးမှုများအရ သက်ကြီးရွယ်အို အဘိုး၊အဘွားများကို တန်ဖိုးထားစောင့်ရှောက်နေသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးသည်လည်း ကိုယ်ပိုင်ဓလေ့၊ ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် အစဉ်အလာမပျက် သက်ကြီးရွယ်အိုများကို တန်ဖိုးထား စောင့်ရှောက်လျက်ရှိကြသည်။

ကမ္ဘာတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုများ ခေတ်မီတိုးတက်လာခြင်း၊ မိသားစုစီမံကိန်းများ ဆောင်ရွက်လာခြင်းတို့ကြောင့် ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာခဲ့သည်။ ထို့အတူ နိုင်ငံအလိုက် သက်ကြီးရွယ်အို အချိုးအစားများမှာလည်း တိုးပွားလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က အသက် (၆၀) နှင့်အထက် ဘိုးဘွားသန်း ၆၀၀ ကျော်သာ ရှိခဲ့ရာမှ ၂၀၅၀ ခုနှစ်အရောက်တွင် သန်း ၂၀၀၀ အထိ ရောက်လာမည်ဟု လည်းကောင်း၊ ယင်းတို့အနက် ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများ ဖြစ်ကြပြီး နောင်နှစ်(၄၀) အကြာတွင် သုံးဆခန့် တိုးပွားလာမည်ဟုလည်းကောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အသက် (၈၀) နှင့် အထက် ဘိုးဘွားအရေအတွက်မှာ ယခင် မရှိဖူးသေးသည့် အရေအတွက် ရှိလာမည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတစ်နံတစ်လျားတွင် နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု၊ ပြည်သူလူထု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ကြောင့် ပြည်သူလူထု၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy) တိုးတက်မြင့်မားလာသည်။ ၁၉၈၈ ခုနှစ်က ကျေးလက်ဒေသတွင် အမျိုးသား ၅၆ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၀ ဒသမ ၄ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၅၉ဒသမ၂ နှစ်၊ အမျိုးသမီး ၆၃ ဒသမ ၂ နှစ် ရှိခဲ့ရာမှ ယခုအခါ ကျေးလက်ဒေသတွင် အမျိုးသား ၆၃ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၇ ဒသမ ၁ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၆၄ နှစ်၊ အမျိုးသမီး ၆၉နှစ်အထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် လက်ရှိလူဦးရေတွင် အသက် (၆၀)အထက် ၅ ဒသမ ၂၃ သန်းခန့် ရှိလာခြင်းကြောင့် နိုင်ငံလူဦးရေ၏ ၈ဒသမ ၈၄ ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အိုဘဝသို့ ရောက်ရှိကြပြီဖြစ်သည်။

ယင်းတို့အနက် သက်ကြီးရွယ်အိုအများစုကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ၎င်းတို့မိသားစုနှင့် ရပ်ဆွေရပ်မျိုးများက စောင့်ရှောက်ထားရှိကြသည်။ ထို့အတူ အခြားဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း မိမိတို့၏ သီးခြားအစီအစဉ်များဖြင့် စောင့်ရှောက်လျက်ရှိကြသည်။ လက်တွေ့ဆောင်ရွက်နေသော အတွေ့အကြုံအရ ယင်းတို့အနက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းဖြစ်သော သက်ကြီးရွယ်အို ငါးသိန်းခန့်ကို ကူညီစောင့်ရှောက်ပေးရမည်ဟု ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာ ၆၅ ခုရှိပြီး ဘိုးဘွား ၂၃၀၀ ကျော်ကိုသာ စောင့်ရှောက်ထားနိုင်သည်။ အာဆီယံ-ကိုရီးယား အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်ဖြင့် မြို့နယ်ပေါင်း ၄၉ မြို့နယ်တွင် သက်ကြီးရွယ်အို ၃၀၀၀ ခန့်ကို YMCA, YWCA, World Vision, Global vision, Help Age International၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကူညီစောင့်ရှောက်လျက်ရှိကြသည်။ သို့ရာတွင် ပံ့မှန် စောင့်ရှောက်ခံဘိုးဘွား ၃၅၀၀၀ ထက် မကျော်သေးပေ။ စောင့်ရှောက်မှုပြုရန် လိုအပ်သည့်ဘိုးဘွားများ မြန်မာနိုင်ငံ အရပ်ရပ်တွင် ရှိနေဦးမည်ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရာတွင် အဝတ်အထည်ပေးရုံ၊ နေစရာနေရာပေးရုံ၊ စားစရာပေးရုံ၊လိုအပ်သည်များ ဝိုင်းဝန်းကူညီပေးရုံမျှဖြင့် လုံလောက်ပြီဟု အချို့က ထင်ကြပါလိမ့်မည်။ ထိုအချက်များသည် ဘိုးဘွားများ၏ အခြေခံလူမှုရေးလိုအပ်ချက်သာ ဖြစ်ပါသည်။ ဘိုးဘွားများ၏ အခြားလိုအပ်ချက်များဖြစ်သော ပုံမှန်ဝင်ငွေရရှိရေး၊ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ တစ်သက်တာ ပညာဆည်းပူးရေး၊ လူမှုဖူလုံရေးကိစ္စများလည်း ရှိနေပါသေးသည်။ ထိုအခွင့်အလမ်းများကို ဘိုးဘွားများ ခံစား၊ စံစားရရှိစေရန် စောင့်ရှောက်ပေးရဦးမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်က တစ်မျိုးသားလုံးထောက်ခံမှုဖြင့် အတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂(က)တွင် “ နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်”ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။ လူမှုရေးအရ ကာကွယ်စောင့်ရှောက်ပေးရန်၊ လိုအပ်သည့်အုပ်စုများကို ကာကွယ်စောင့်ရှောက်ပေးရန် အဓိကတာဝန်ရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်း အသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ လူမှုရေးဆိုင်ရာ အခွင့်အလမ်းများ တန်းတူညီမျှ ရရှိစေရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာ၊ ဘာသာစကား၊ အသားအရောင် မခွဲခြားဘဲ နိုင်ငံတော်၏ကိုယ်စား စောင့်ရှောက်ရန် လိုအပ်သူများကို စောင့်ရှောက်ပေးလျက်ရှိသည်။ ထို့အတူ ကျန်းမာရေးဦးစီးဌာနကလည်း အမျိုးသားကျန်းမာရေး စီမံကိန်းအောက်ရှိ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ကို ကျေးရွာအရောက် စောင့်ရှောက်ပေးလျက်ရှိသည်။ ယခုအချိန်ထိ စီမံကိန်းဝင်မြို့နယ် ၈၈မြို့နယ်အထိ ပျံ့နှံ့ရောက်ရှိနေပြီဟု သိရှိရသည်။

ကိုကွေး (ဘူမိဗေဒ)

သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကြီးသည် ကျယ်ပြောလှသည့် လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းကြီး ဖြစ်သည့်အားလျော်စွာ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့အစည်းများကသာ ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံသော အောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ သားထောက် သမီးခံ ပြည့်ပြည့်စုံစုံဖြင့် နေထိုင်ရသည့် ဘိုးဘွားတစ်ဦး တစ်ယောက်အနေဖြင့် ပူပင်သောကဗျာပါရ ဖြစ်စရာ မလိုသော်လည်း သားထောက်သမီးခံမရှိဘဲ ဆွေမျိုးသားချင်း နည်းပါးသူ ဘိုးဘွားများအနေဖြင့် ကျန်ရှိသော ဆည်းဆာနေညိုချိန်ကိုဖြတ်သန်းရာ၌ အလွန်ခက်ခဲစွာ ရုန်းကန်ရလျက်ရှိပါသည်။ နေ့စဉ် စားသောက်ရေးနှင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ပုံမှန်ဝင်ငွေမရှိသူများ၊ စုဆောင်းထားရှိမှု မရှိသူများ၊ ထောက်ပံ့မှုမရသော ဘိုးဘွားများအနေဖြင့်မူ ဘဝကို ပိုမိုခက်ခဲစွာ ဖြတ်သန်းကြရမည် ဖြစ်ပါသည်။

အာဆီယံ-ကိုရီးယား အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခသမားတော်ကြီး ဒေါက်တာဦးမြင့်ဟန်ကိုယ်တိုင်ဦးစီးကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှု ပြုလျက်ရှိသည်ကို တွေ့ရသည်။ အချို့ဒေသများတွင်လည်း အလားတူ ဆောင်ရွက်မှုများရှိသည်ဟု သိရပါသည်။ အဆိုပါဆေးခန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ဖို့ကား လွယ်ကူသည့်အလုပ်မဟုတ်ပေ။ စေတနာသဒ္ဓါအသိရှိသော ဆေးပညာရှင်များ၊ ငွေကြေးနှင့် ဆေးဝါး အထောက်အကူပြုပစ္စည်းများ များစွာ လိုအပ်လျက်ရှိပါသည်။ ပုဂ္ဂလိကဆေးခန်းများကလည်း ထိုကဲ့သို့ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စောင့်ရှောက်ခံ ဘိုးဘွားများအတွက် များစွာ အထောက်အပံ့ ဖြစ်စေပါမည်။

အနည်းဆုံး ဆယ်စုနှစ်ခြောက်ခုကျော်ကာလ နိုင်ငံနှင့် လူမျိုးအကျိုး၊ မိသားစုအကျိုးကို သယ်ပိုးထမ်းရွက်ခဲ့ကြသော သက်ကြီးရွယ်အိုများ၏ ကျေးဇူးတရားကား ကြီးမားလှပါသည်။ အထူးထူးသော အဆိုပါဂုဏ်ကျေးဇူးများကို ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့မွေးလှည့် ပြုရန်ကား မျိုးဆက်သစ်လူငယ်တို့၏ တာဝန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ သက်ကြီးရွယ်အိုအပေါင်း၏ ကျန်းမာရေး၊ အာဟာရ၊ စိတ်ဖိစီးမှု၊ အိုးအိမ်နှင့် နေထိုင်ရာပတ်ဝန်းကျင်၊ မိသားစု၊ လူမှုရေး၊ ပုံမှန်ဝင်ငွေ၊ အာမခံနှင့် အလုပ်အကိုင်၊ ပညာရေး စသည် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ကြရပါမည်။ စာနာဆပွား အလေးထား၍ ဆောင်ရွက်ဖွယ်ရာ အဖြာဖြာတို့ကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးကြမည်သာ ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံ အတော်များများရှိ အစိုးရဆေးရုံများတွင် သာမက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် သက်ကြီး နိုင်ငံသား (Seniorcitizen) များကို ဆေးဖိုးဝါးခ ရာခိုင်နှုန်းလျှော့ယူခြင်း၊ အထူးအခွင့်အရေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဘတ်စ်ကားခ၊ မီးရထားခ၊ လေယာဉ်ခ၊ သင်္ဘောခလျှော့ပေးကာ သီးသန့်ထိုင်ခုံနေရာများ သတ်မှတ်ပေးသည့်အပြင် အများပြည်သူနှင့်ဆက်ဆံရသည့် နေရာတိုင်းတွင် သက်ကြီးရွယ်အိုများအတွက် အထူးကောင်တာများ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိကြသည်။ မြန်မာနိုင်ငံကဲ့သို့ ဘိုးဘွားမိဘသက်ကြီးရွယ်အိုများအပေါ် ရှေးဦးမဆွကတည်းက တန်ဖိုးထားသည့် နိုင်ငံအဖို့ ထိုကဲ့သို့သော အစီအစဉ်များကို ပံ့ပိုးဆောင်ရွက်မပေးနိုင်စရာအကြောင်း မရှိဟု ယုံကြည်ယူဆမိပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အို ဦးရေမှာ များလှသည်ဟု မဆိုသာသော်လည်း လာမည့်ဆယ်စုနှစ်များအတွင်း အခြားနိုင်ငံများကဲ့သို့ သက်ကြီးရွယ်အို အချိုးအစား တိုးလာမည်မှာ ဧကန်ပင်ဖြစ်သည်။ သို့ဖြစ်၍ တိုးပွားလာမည့် သက်ကြီးရွယ်အိုများအရေးကို ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရပါမည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ဦးစီးဆောင်ရွက်နေသော အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကြီးကို (၆) နှစ်တာ ကာလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး (၇) ခုတွင် မြို့နယ် ၄၉ ခု၌သာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသေးသည်။ နိုင်ငံအနှံ့ ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည်လည်း ဖြစ်ပါသည်။

စောင့်ရှောက်ရန်လိုအပ်သော အဘိုး၊အဘွားတစ်ဦးထံသို့ လေ့ကျင့်သင်ကြားပေးထားသော စေတနာရှင်တစ်ဦးက ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ် (သို့) နှစ်ကြိမ် အိမ်တိုင်ရာရောက်သွားရောက်ကာ တစ်ကြိမ်လျှင် နှစ်နာရီ (သို့) သုံးနာရီ အချိန်ပေး၍ လူမှုရေးစောင့်ရှောက်ပေးခြင်း၊ ရှေးဦးကျန်းမာရေး စောင့်ရှောက်ပေးခြင်းမှာ ဤလုပ်ငန်း၏ အနှစ်သာရပင်ဖြစ်ပါသည်။ ထိုကဲ့သို့ နိုင်ငံအနှံ့ရှိ စေတနာရှင်များက မိမိတို့လက်လှမ်းမီရာ ဒေသအသီးသီးရှိ သက်ကြီးရွယ်အိုများကို ဝိုင်းဝန်းကူညီ စောင့်ရှောက်ခြင်းဖြင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကြီးကို ပိုမိုအောင်မြင်စေမည်ဖြစ်ပါသည်။ ယခုအချိုးအစားမှာ လူ၁၀၀ဦးတွင် စောင့်ရှောက်ခံ ဘိုးဘွားတစ်ဦးသာရှိ၍ လူငယ်လူရွယ် ၁၀၀ ထဲမှ စေတနာရှင် တစ်ဦးထွက်ပေါ်စေရန်မှာ မိမိနိုင်ငံအဖို့ ခက်ခဲမည်မဟုတ်ပေ။ ဆောင်ရွက်ဖြစ်ရန်သာလိုပါသည်။

အချို့ပုဂ္ဂိုလ်များက မိဘများ သက်ရှိထင်ရှားရှိစဉ်အကြောင်းအမျိုးမျိုးကြောင့် သားသမီးဝတ် ကျေပွန်အောင် မစောင့်ရှောက်လိုက်ရသည့်အတွက် ယူကျုံးမရ ဖြစ်ရသည်ဟု ကြားဖူးပါသည်။ မိဘများကို မစောင့်ရှောက်လိုက်ရ၍ ဝမ်းနည်းပက်လက်ဖြစ်စရာမလိုပေ။ သံသရာအဆက်ဆက် ကျင်လည်ရာတွင် “ဆွေမျိုးမတော်စပ်ခဲ့သူ တစ်ဦးတစ်ယောက်မျှမရှိ” ဟူသော တရားစကားလာရှိသည်နှင့်အညီ ကိုယ့်အဖေ၊ အမေ အရွယ်များကို ပြုစုစောင့်ရှောက်ခြင်းဖြင့် ကျေးဇူးဆပ်နိုင်ကြပြီ ဖြစ်ပါသည်။

လူတိုင်းလူတိုင်း မိဘများ၏ မြတ်သောကျေးဇူးတရားကြောင့် လူ့ဘဝသို့ရောက်ရှိလာကာ သူတို့၏ ပြုစုစောင့်ရှောက်မှုများကြောင့် လက်ရှိဘဝတွင် ရှင်သန်နေကြသူများ ဖြစ်ပါသည်။ ထိုမြတ်သော ကျေးဇူးကို ပြန်လည်ပေးဆပ်သင့်ပါသည်။ မိဘများသည် သားသမီးတို့၏ ကျေးဇူးဆပ်မှုကို မမျှော်ကိုးကြပေ။ သားသမီးတို့ထံမှ မျှော်လင့်သည်မှာ ငွေနှင့်ပစ္စည်းများမဟုတ်ပါ။ စစ်မှန်သော မေတ္တာတရားကိုသာ မျှော်လင့်စောင့်စားနေကြပါသည်။ လူတစ်လုံးသူတစ်လုံးဖြစ်အောင် မုဒိတာနှလုံးသား၊ နွေးထွေးပျူငှာသော အပြုံးများဖြင့် သားသမီးများအပေါ် လှိုက်လှိုက်လှဲလှဲ ပြုစုစောင့်ရှောက်မှုမှာ အဖိုးမဖြတ်နိုင်သော မြတ်သောကျေးဇူးတရားများပင် ဖြစ်ပါသည်။ လူတိုင်းလူတိုင်း မြတ်သောကျေးဇူးဆပ်ဖူးသူများ ဖြစ်ကြစေချင်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုးပွားလာမည့် သက်ကြီးရွယ်အိုများ အရေးကို မြော်တွေးလျက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၊ နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International) တို့နှင့်ပူးပေါင်းပြီး သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံချက်ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် စောင့်ရှောက်ရေးပုံစံ နောက်တစ်မျိုးမှာ သက်ကြီးရွယ်အိုချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Older People Self Help Groups-OPSHG) များ ဖွဲ့စည်းပြီး ဘိုးဘွားများနှင့် လူငယ်များပူးပေါင်းကာ ကျေးရွာအလိုက် ကိုယ့်အားကိုယ်ကိုး စောင့်ရှောက်သည့်နည်းလမ်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျေးရွာများရှိ ကျန်းမာရေးကောင်းမွန်သော ဘိုးဘွားများကို ကျန်းမာရေး၊ အခြေခံစီမံခန့်ခွဲမှုနည်းပညာများ သင်ကြားလေ့ကျင့်ပေးကာ ဒေသနှင့်ကိုက်ညီသည့်အကျိုးအမြတ်များဖြင့် သက်ကြီးရွယ်အိုအချင်းချင်း ရိုင်းပင်ကူညီ စောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်၊ ကျိုက်လတ်၊ ကန်ကြီးထောင့်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ အဆိုပါမြို့နယ်များရှိ ကျေးရွာပေါင်း ၂၀ တွင် ၂၀၀၉ ခုနှစ် မေလမှစ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ အဖွဲ့ဝင် ၉၀၃ ဦးအထိ စုစည်းနိုင်ခဲ့သည်။ အဖွဲ့၏ ဦးဆောင်မှုအောက်တွင် ကျန်းမာရေးနှင့် အိမ်တိုင်ရာရောက် စောင့်ရှောက်ရေး ဆပ်ကော်မတီ၊ သာရေး၊ နာရေးနှင့် လူမှုရေးဆိုင်ရာ ဆပ်ကော်မတီ၊ ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီ၊ လှည့်ပတ်ရန်ပုံငွေဆိုင်ရာ ဆပ်ကော်မတီ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆပ်ကော်မတီ၊ အသေးစားငွေကြေးဆိုင်ရာ ဆပ်ကော်မတီတို့ကို ကျေးရွာဒေသ၏ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့ခေါင်းဆောင် ၈၀ သည် ရပ်ရွာအခြေပြု အဖွဲ့အစည်းများကို စေ့ဆော်ဦးဆောင်နိုင်သည့် စွမ်းရည်များ တိုးတက်မြင့်မားလာကြသည်။ အဖွဲ့ဝင် ၃၀၀ သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်း (အိမ်ဆိုင်စသည်များ) ဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အလေ့အကျင့်များ၊ ကျွမ်းကျင်မှုများနှင့် စားဝတ်နေရေးတို့တွင် တိုးတက်မှုရှိလာသည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုဆိုင်ရာ ဘာသာရပ်သင်တန်းများ ပို့ချထားသည့် စေတနာ့ဝန်ထမ်းသမား ၂၀၀ က အင်အားချည့်နဲ့၍ အိမ်တွင်းတွင်သာနေရသော သက်ကြီးရွယ်အို ၂၀၀ ကို အိမ်တိုင်ရာရောက် စောင့်ရှောက်ပေးလျက်ရှိပါသည်။ မျက်မှန်တပ်ဆင်ရန်လိုအပ်သူ ၂၅၀၊ နားကြားကိရိယာ တပ်ဆင်ရန် လိုအပ်သူ ၃၀၊ အတွင်းတိမ်ခွဲစိတ်ကုသရန် လိုအပ်သူ ၂၇ ဦးတို့ကိုလည်း တပ်ဆင်၊ ခွဲစိတ်၊ ကုသမှု ပြုနိုင်ခဲ့ပါသည်။

ပြင်ဦးလွင်မြို့နယ် ပုံကုန်း၊ ဘော်၊ ကျားရေတွင်းကျေးရွာတို့နှင့် ကျိုက်လတ်မြို့နယ် ကလပ်ကျေးရွာတို့တွင် အသေးစားဂျင်နရေတာလျှပ်စစ်မီးပေးစက်များ ထူထောင်၍ ကျေးရွာနေအိမ်များသို့ အဖိုးနှုန်းချိုသာစွာဖြင့် မီးပေးလျက်ရှိပါသည်။ ပုသိမ်မြို့နယ် မဒေါ့ကုန်းနှင့် ပုဂံဖိုကျေးရွာတို့တွင် စပါးဘဏ်နှစ်ခု ထူထောင်ပေးထားသည်။ ဤသို့သော နည်းလမ်းများဖြင့် သက်ကြီးရွယ်အိုချင်း ကူညီထောက်ပံ့ရေးအဖွဲ့ လှည့်ပတ်ရန်ပုံငွေတိုးပွားအောင် ကြံဆောင်လျက်ရှိကြသည်။ တစ်နှစ်တာကာလအတွင်းမှာပင် အောင်မြင်မှုအရိပ်အယောင်ကောင်းများ ရရှိနေပြီဖြစ်ပါသည်။ ထိုအောင်မြင်မှုကိုအခြေခံ၍ နိုင်ငံအနှံ့ဆောင်ရွက်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ထိုအစီအစဉ်မျိုးကို ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံများတွင် တစ်ပြိုင်တည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ယခုအချိန်ထိ သက်ကြီးရွယ်အိုဆိုင်ရာ ပြဿနာတစ်စုံတစ်ရာ မရှိသေးသော်လည်း လာမည့်နှစ်များတွင် ပေါ်ပေါက်ခြင်းမရှိစေရန် ယခုကတည်းက ကြိုတင်ကာကွယ်သွားရမည်ဖြစ်ပါသည်။ ထို့ပြင် သက်ကြီးရွယ်အိုများအတွက် အရေးကြီးသည့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေး၊ ပုံမှန်ဝင်ငွေ ရရှိရေး၊ ကျန်းမာရေးအခြေအနေနှင့် လျော်ညီသော အလုပ်လုပ်ခွင့်ရရှိရေး၊ လူမှုရေးအရ ကာကွယ်စောင့်ရှောက်ခွင့် ရရှိရေး၊ ဘဝတစ်သက်တာ ပညာရယူခွင့် ရှိရေးတို့ကိုပါ ဆောင်ရွက်ပေးရပါမည်။

သက်ကြီးရွယ်အိုများအရေးကို မမေ့ မလျော့ မပေါ့မဆ ဆောင်ရွက်ကြစေရန် ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာလ (၁)ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”အဖြစ် သတ်မှတ်ပေးခဲ့သည်မှာ ၁၂ နှစ်ရှိပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဖွဲ့ဝင်များက သက်ကြီးရွယ်အိုများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူမှုရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရန်အတွက် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UN Convention on the Right of Older Persons) တစ်ခု ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုများ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လွတ်လပ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နေချိန်တွင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက သက်ကြီးရွယ်အိုများ၏အရေးကို တစ်တပ်တစ်အား ပါဝင်ထမ်းရွက်ခြင်းဖြင့် မြတ်သောကျေးဇူး ဆပ်ဖူးသူများ ဖြစ်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ (၁၁)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော် အရာရှိကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် Plan of Action (မူကြမ်း) အပေါ် သုံးသပ်ခြင်းနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးကြရန် မှာကြားသည်။

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ငွေသိန်းက Plan of Action (မူကြမ်း) နှင့် ကော်မတီ၏လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက Plan of Action (မူကြမ်း) အား သုံးသပ်ကြကာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဝန်ထမ်းအိမ်ရာများနှင့် စိုက်ပျိုးထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ကံ့ကော်အိမ်ရာရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်ဥက္ကဋ္ဌသည် ဝန်ထမ်းမိသားစုအိမ်ရာများ၌ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများနှင့် စားဖိုဆောင်သီးနှံပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာနှင့် စမတောင် မဟာပရဟိတကျောင်းသို့ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင်များနှင့် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ဘိုးဘွားရိပ်သာ၌ သက်ကြီးရွယ်အိုအဘိုးအဘွားများအား စောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ အစားအစာနှင့် ဆေးဝါးများ၊ အလှူငွေများကို အဘိုးအဘွားတစ်ဦးချင်းစီအား ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် လယ်ဝေးမြို့နယ် စမတောင် မဟာပရဟိတကျောင်းသို့ သွားရောက်၍ ပရဟိတကျောင်းရှိ မိဘမဲ့ကလေးသူငယ်များအတွက် ကလေးအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းမှု

အဆိုပါ အဘိုးအဘွား သက်ကြီးရွယ်အိုများနှင့် ပရဟိတကျောင်းရှိ မိဘမဲ့ကလေးသူငယ်များအတွက် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းမှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းခန့် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ လယ်ဝေးမြို့နယ် စမတောင် မဟာပရဟိတကျောင်းရှိ မိဘမဲ့ကလေးသူငယ်များ စာပေသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အခြေခံပညာ ဆရာ၊ ဆရာမများ ခရစ်ကက်နည်းပြ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပညာဆရာ၊ ဆရာမများ ခရစ်ကက်နည်းပြ မွမ်းမံသင်တန်း (Level-0) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း အခြေခံပညာ ဆရာ၊ ဆရာမများ ခရစ်ကက်နည်းပြမွမ်းမံသင်တန်း (Level-0) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲ ဆိပ်ကမ်းမြို့နယ်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ဆိပ်ကမ်းမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ချိုချိုအောင်က ဆွေးနွေးပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲရုံတွင် ဆန္ဒမဲပေးပုံများကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြသည်။

(ကြေးမုံ)

ကန်ပက်လက်စည်ပင် ရေပိုက်လိုင်းပြုပြင်

ကန်ပက်လက် စက်တင်ဘာ ၂၈

ကန်ပက်လက်မြို့ မြို့ရေပေးရေး ကော့လောင်းရေစမ်းဦးတွင် အဖွဲ့ဝန်ထမ်းများက စက်တင်ဘာ ၁၆ ရက်က ရေပိုက်လိုင်းများ ပြုပြင်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တံတားတည်ဆောက်မှု ဆောင်ရွက်

အောင်လံ စက်တင်ဘာ ၂၈

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) အောင်လံမြို့နယ်အပိုင်း တံခွန်တိုင်ကျေးရွာအနီး သစ်သားတံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ကြံခင်း စက်တင်ဘာ ၂၈

ကြံခင်းမြို့ ဘိလပ်မြေစက်ရုံ ဂေါက်ကွင်း၌ စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ဦးနေလင်း (ဘိလပ်မြေသယ်ပို့ လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးတင်မင်းဇော် (လက်ထောက်အင်ဂျင်နီယာ)၊ ဦးရဲနိုင်ဝင်း (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)၊ ဦးစိုးမြင့်ထွန်း (ကျောက်ပန်းတောင်း)၊ ကိုကျော်ရည်ဝင်း (ရွှေမဟာရောင်းဝယ်ရေး)တို့နှင့်အတူ ဂေါက်ရိုက်ကစားကြစဉ် Nike Iron No.7 တုတ်ဖြင့် Tour Special No.1 ဘောလုံးအား ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၈)တွင် "Political Times" အထူးအချပ်ပို အပါအဝင် "နိုင်ငံရေးပါတီတွေ မီဒီယာကို အကျိုးရှိအောင် ဘယ်လိုအသုံးချမလဲ" နိုင်ငံရေး သုံးသပ်မျက်နှာဖုံးဆောင်းပါး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) အထွေထွေအတွင်းရေးမှူး ဒေါ်သန်းသန်းနှင့်တွေ့ဆုံခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေး သတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းနှင့် မပေးခြင်းမှာ ကာယကံရှင်တို့၏ အခွင့်အရေးဖြစ်ပြီး မိမိ၏သဘောဆန္ဒအတိုင်း ဆုံးဖြတ်ပိုင်ခွင့်ရှိဟုဆို၊ စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်သူ မည်သူမဆို မိတ်ဆွေအဖြစ် တစ်သီးပုဂ္ဂလကွန်ရက်ရှုမြင်၊ ဆရာကြီးမောင်စူးစမ်း ရေးသားသည့် " မျိုးဆက်သစ် စက်ဝိုင်းလား၊ ဒန်းလား"၊ ဆရာမောင်ဝံသ ရေးသားသည့် "တိုင်းပြည်ဖွံ့ဖြိုးရေးနှင့် မှော်ဆရာကုထုံး"၊ ဆရာဦးကျော်ဝင်း ရေးသားသည့် "ရွေးကောက်ပွဲပုစ္ဆာ"၊ ဆရာဦးကိုကိုလှိုင် ရေးသားသည့် "တန်ရာတန်ရာ" စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ လူကုန်ကူးမှုနှင့် စပ်ဆိုင်သော သတင်းများ ရေးသားမှုမှ တစ်ဆင့် ကာယကံရှင်များ၏ ဂုဏ်သိက္ခာမထိခိုက်ရေး ကုလသမဂ္ဂဥပဒေပြဌာန်းချက် စာအုပ်ဖြန့်ဝေမည်၊ နိုင်ငံခြားငွေဈေးကွက် မတည်ငြိမ်မှုနှင့် ရွှေဈေးအနည်းငယ်တက်လာ၍ ရန်ကုန်အိမ်ခြံမြေဈေးမြင့်တက်၊ မြန်မာ-ထိုင်း နယ်စပ် လူအဝင်အထွက်များသည့် ဒေသများတွင် နယ်စပ်ဆက်ဆံရေးရုံးသုံးခု တည်ဆောက်မည်၊ ပို့ကုန်ဝင်ငွေတန်ဖိုး ကန်ဒေါ်လာအထက်သို့ ပြန်ရောက်၊ ပြည်ကြီးတံခွန်ဇုန်(၂)ဈေး အဆင့်မြှင့်တင် ဆောက်လုပ်ပြီ၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ "စီးပွားရေး၊ စီမံခန့်ခွဲမှုပညာရပ်နှင့် ထူးချွန်မြန်မာလူငယ်များ"၊ "သီချင်းတွေဆိုတဲ့အခါ ရင်ထဲမှာ ခံစားလို့မရရင်ဆိုလို့မရဘူး" ဖြူဖြူကျော်သိန်းနှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

လေယာဉ်စီးခရီးသည်များနှင့် အမှုထမ်းများက အဲဘတ်စ်ကုမ္ပဏီနှင့် လေယာဉ် အစိတ်အပိုင်း ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီများကို တရားစွဲပြီး လျော်ကြေးတောင်းရန် လုပ်ဆောင်နေ၊ စင်ကာပူသည် နောင်တစ်ချိန်တွင် အာရှတိုက်၏ မြို့တော်အဖြစ်သာမက လူမျိုးပေါင်းစုံနေထိုင်ရာ မြို့ကြီး ပြကြီး ဖြစ်လာတော့မည်ဟုဆို၊ မတော်တဆဖြစ်မှုကြောင့် ခြေလက်များအားလုံးဆုံးရှုံးခဲ့ရသော ပြင်သစ်လူမျိုးတစ်ဦး အင်္ဂလိပ် ရေလက်ကြားကို ဖြတ်သန်း၊ ကနေဒါရှိ သောက်သုံးရေများတွင် မဂ္ဂနီးစ်ဓါတ်များ ပိုမိုပါဝင်နေသဖြင့် ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထိခိုက်နိုင်၊ "နိုင်ငံတကာလေဆိပ်များတွင် လေယာဉ်မမီသဖြင့် ဒုက္ခရောက်သူအဖြစ် ခရီးသည်များထံမှ ငွေကြေးလိမ်လည်တောင်းခံသူကို မဖမ်းနိုင်သေး" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး၏ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် သုံးမိုင်မြို့ကွက်သစ်ရှိ လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး၌ ကျင်းပသည့် အဆိုပါ ဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လပွတ္တာမြို့မှ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် အိုးစည်ဒိုးပတ်အကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က တိုးချဲ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆေးရုံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြင်ပလူနာဌာန၊ အရေးပေါ်ကုသဌာန၊ ခွဲစိတ်ခန်းများနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရိုးရောဂါကုဆောင်နှင့် ခွဲစိတ်ကုသဆောင်တို့၌ တက်ရောက်ကုသနေကြသော လူနာများအား ဆေးကုသပေးနေမှုအခြေအနေများကို အသေးစိတ်မေးမြန်းပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး လွှဲပြောင်းပေးအပ်ခြင်းနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဆေးရုံတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် မိုးကြယ်စင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးပြည့်ဖြိုးအောင်က ဆေးရုံအဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်ထံ ပေးအပ် လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော လပွတ္တာခရိုင် လပွတ္တာမြို့နယ် ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးသည် ဤဒေသအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ အခြားဒေသများနည်းတူ ဆေးဝါးကုသခွင့် အခွင့်အလမ်းများ တန်းတူရည်တူရရှိရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း။

လပွတ္တာခရိုင်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း နယ်မြေကျယ်ဝန်းပြီး ပင်လယ်ကမ်းစပ်နှင့် အလွန်နီးကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ရပြီး လူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုလည်း အခြားဒေသများထက် ပိုပြီးများကြောင်း၊ လပွတ္တာမြို့သည်ပင်လျှင် ပင်လယ်ရေမျက်နှာပြင်အထက် ငါးပေကျော်သာရှိသည့်အတွက် ဆူနာမီကဲ့သို့ ကြီးမားသော ဒီရေလှိုင်းကြီးများ ဖြစ်ပေါ်လာခဲ့လျှင် အန္တရာယ်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး၌ တက်ရောက်ကုသနေကြသော လူနာများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆင့်တိုးမြှင့်

ထို့အပြင် လပွတ္တာမြို့သည် မြို့အကွက်အကွင်း ကျဉ်းပြီး လူနေအိမ်ခြေ ထူထပ်ကျပ်သိပ်နေသည့်အတွက် မီးဘေးအန္တရာယ်လည်း မကြာခဏ ကြုံတွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် လပွတ္တာမြို့ကို တိုးချဲ့နိုင်ရန် မြေအနေအထားကောင်းမွန်ပြီး ဒီရေလှိုင်းကြီးများဒဏ် လုံခြုံစိတ်ချရသော ဤ(၃)မိုင်စခန်းနေရာကို ခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့ကြောင်း။

ယခုအခါ ခရိုင်မြို့အင်္ဂါရပ်နှင့်အညီ လုံခြုံရေးအတွက် ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့်အတူ ခရိုင်အဆင့်ဌာနဆိုင်ရာ ရုံးအသီးသီးကို တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဤဒေသ၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အလယ်တန်းကျောင်းတစ်ကျောင်းနှင့် ယခုကဲ့သို့ ခုတင်(၂၀၀)ဆေးရုံကြီးတစ်ရုံကိုလည်း တည်ဆောက်ပေးခဲ့ရာတွင် ဆေးရုံကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ယခုကဲ့သို့ လာရောက်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း။

ဤဆေးရုံများ ပြီးမြောက်သွားသည်နှင့်အမျှ ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်အတွင်း၌ပင် ဆေးဝါးကုသနိုင်သည့် အခွင့်အလမ်းများ ရရှိခဲ့ပြီဖြစ်သည့်အပြင် ဤဒေသ၏ ကျန်းမာရေး အဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း။

အချက်အချာ

အားလုံး သိပြီးဖြစ်သည့်အတိုင်း နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ချိန်က ဤလပွတ္တာမြို့နယ်အတွင်း၌ လူပေါင်း ရှစ်သောင်းကျော်အထိ သေကျေ၊ ပျောက်ဆုံးခဲ့ကြောင်း၊ အိမ်ခြေ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှု တန်ဖိုး ကျပ်ဘီလီယံ ၇၀၀ ကျော်ရှိခဲ့သည် ဖြစ်ကြောင်း၊ မုန်တိုင်းဖြစ်လျှင်ဖြစ်ချင်း လပွတ္တာမြို့နယ်အတွင်း၌ (၃)မိုင်၊ (၅) မိုင်စခန်းများအပြင် ယာယီကယ်ဆယ်ရေးစခန်း ၅၃ ခုအထိရှိခဲ့ပြီး ခိုလှုံသူ မုန်တိုင်းသင့် ပြည်သူပေါင်း ငါးသောင်းနီးပါးခန့်အထိရှိခဲ့ကြောင်း၊ အရေးပေါ် ကယ်ဆယ်ရေး၊ အရေးပေါ်စားနပ်ရိက္ခာနှင့် ဆေးဝါးဖြည့်တင်းထောက်ပံ့ပေးရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးရေး စသည့် လုပ်ငန်းများကို စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်အတွက် နေရာအနှံ့ပြန့်ကျဲနေသည့် ယာယီကယ်ဆယ်ရေးစခန်းများကို ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းစခန်းများအဖြစ် ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာတွင်လည်း လပွတ္တာမြို့နယ်သည် အရေးပေါ်ကယ်ဆယ်ရေးအတွက် အချက်အချာ အလယ်တန်းစခန်းတစ်ခု ဖြစ်ခဲ့ရကြောင်း။

“အသက်ရှင် ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်သန်နိုင်ရမည်” ဆိုသည့် မိမိတို့ ဗဟိုကော်မတီ၏ ခံယူချက် သန္နိဋ္ဌာန်နှင့်အညီ ဤပတ်ဝန်းကျင်တွင်ရှိသော မုန်တိုင်းသင့်ပြည်သူများအား ဤအလယ်တန်းစခန်းမှာပင် စနစ်တကျ ယာယီနေရာချထားပေးခဲ့ပြီး ရေ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ အချိန်မီ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ရသကဲ့သို့ ကယ်ဆယ်ရေးစခန်းများနှင့်အတူ ကျန်းမာရေး စောင့်ရှောက်မှု ရှေ့တန်းစခန်း ၁၇ ခုကိုလည်း ၂၄ နာရီ ဖွင့်လှစ်၍လည်းကောင်း၊ ရွေ့လျားဆေးရုံ သင်္ဘောများ ဖွဲ့စည်းထူထောင် လှည့်လည်၍ လည်းကောင်း၊ တိုင်းရင်းဆေးအဖွဲ့များ စေလွှတ်၍ လည်းကောင်း နောက်ဆက်တွဲရောဂါဝေဒနာများ ကျရောက်လာခြင်းမရှိစေရန်၊ မုန်တိုင်းသင့်ပြည်သူများ အာဟာရပြည့်ဝပြီး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာရန် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံကောင်းမွန်စေရန် ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ပြိုကျပျက်စီးသွားသည့် ရုံးဌာန၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ သာသနိကအဆောက်အအုံများကို ချက်ချင်းအရေးပေါ်ပြင်ဆင်ခဲ့ရသကဲ့သို့ မုန်တိုင်းသင့်ပြည်သူများအတွက် တန်ဖိုးသင့် အိမ်ရာများ၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ ဒီရေတောများ ပြန်လည်ထူထောင်ရေး၊ အခိုင်အမာ ခိုလှုံရာ Cyclone Shelter များ၊ ပင်လယ်ကမ်းပတ်တာများ တည်ဆောက်ရေး၊ လမ်းမကြီး ၁၁ လမ်းပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကြီးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေး စသည့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ်ကာကွယ်ရေးတို့ကိုပါ တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းသင့်ဒေသ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးအဖွဲ့များ စေလွှတ်၍ လည်းကောင်း နောက်ဆက်တွဲရောဂါဝေဒနာများ ကျရောက်လာခြင်းမရှိစေရန်၊ မုန်တိုင်းသင့်ပြည်သူများ အာဟာရပြည့်ဝပြီး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာရန် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံကောင်းမွန်စေရန် ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ပြိုကျပျက်စီးသွားသည့် ရုံးဌာန၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ သာသနိကအဆောက်အအုံများကို ချက်ချင်းအရေးပေါ်ပြင်ဆင်ခဲ့ရသကဲ့သို့ မုန်တိုင်းသင့်ပြည်သူများအတွက် တန်ဖိုးသင့် အိမ်ရာများ၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ ဒီရေတောများ ပြန်လည်ထူထောင်ရေး၊ အခိုင်အမာ ခိုလှုံရာ Cyclone Shelter များ၊ ပင်လယ်ကမ်းပတ်တာများ တည်ဆောက်ရေး၊ လမ်းမကြီး ၁၁ လမ်းပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကြီး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးတို့ကိုပါ တစ်ဆက်တစ်စပ်တည်း အချိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းသင့်ဒေသများသည် အချိန်တိုအတွင်းတွင် ပြန်လည်ထူထောင်လာရုံသာမက မူလအခြေအနေထက် သာလွန်မြင့်မားသည့် ယခုကဲ့သို့ အခြေအနေသစ်တစ်ရပ်ကို ရောက်ရှိလာနေသည်ကို အားလုံး မျက်မြင်ပင်ဖြစ်ကြောင်း။

'မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့' ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ပြန်လည်ထူထောင်ရေးလမ်းညွှန်ချက်နှင့်အညီ နောင်တစ်ချိန် နာဂစ်မုန်တိုင်းနည်းတူ သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့လျှင် ပြန်လည်တုံ့ပြန်နိုင်ရန် ဒေသခံပြည်သူများအား အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ပြည့်ပြည့်ဝဝ စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မူလ (၂၅) ခုတင်ဆံ့ ဆေးရုံအဆင့်မှ ခုတင် (၂၀၀) ဆံ့ ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဆေးရုံအဆင့်တိုးမြှင့်ထူထောင်ပေးရာတွင်လည်း နောင်တစ်ချိန် ရေဘေး၊ ဆူနာမီဘေး၊ မုန်တိုင်းဘေး ကျရောက်လာလျှင် သဘာဝပထဝီ အနေအထားအရ အကာအကွယ်ဖြစ်နိုင်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ရေလွတ်အသက်ကယ်ကုန်းမြင့်နေရာ၌ လပွတ္တာမြို့သစ်ကို မြို့အင်္ဂါရပ်နှင့်အညီ ထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အထူးကု

ယခင်က (၂၅)ခုတင်ဆံ့ ဆေးရုံဖြစ်သည့်အတွက် အထူးကုဆရာဝန်ကြီးများ မရှိခဲ့သည့် အခြေအနေမှ ယခုကဲ့သို့ ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးဖြစ်လာသည့်အတွက် ဆေးပညာ၊ ခွဲစိတ်၊ သားဖွား/မီးယပ်၊ ကလေး၊ မေ့ဆေးနှင့် သွားဘက်ဆိုင်ရာ အထူးကုဘာသာရပ် ခြောက်မျိုးအပြင် အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ စိတ်ရောဂါ အပါအဝင် အခြေခံဘာသာရပ် ၁၂ မျိုးအတွက် အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များကို တိုးချဲ့ခန့်ထားပေးနေပြီဖြစ်ကြောင်း၊ ဆေးရုံအုပ်ကြီးအပါအဝင် အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ ဆေးရုံအုပ် တစ်ဦး၊ အထူးကုဆရာဝန် ၁၈ ဦး၊ လက်ထောက်ဆရာဝန် ၇၀ တိုးတက်လာမည့်အပြင် ယခင်က သူနာပြုဝန်ထမ်းများအနေဖြင့်လည်း သုံးဦးသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၉၀အထိ ခန့်အပ်ပေးတော့မည်ဖြစ်ကြောင်း။

မုန်တိုင်းသင့်ဒေသကြီးကို ပြန်လည်ထူထောင်ပေးခဲ့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ယခုဆေးရုံကြီးနည်းတူ ဖျာပုံဆေးရုံကိုလည်း ခုတင် (၁၀၀) ဆံ့ အဆင့်မှ ခုတင် (၂၀၀) ဆံ့ အဆင့်သို့ တိုးမြှင့်ပေးခဲ့သကဲ့သို့ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်ဆေးရုံများကိုလည်း ခုတင် (၅၀) မှ ခုတင် (၁၀၀)သို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခြင်း သုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခြင်း နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ခြင်း ငါးခုနှင့် ကျေးရွာဆေးပေးခန်းအဆင့်မှ ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ခြင်း တစ်ခု ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ဤသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် မုန်တိုင်းသင့်ပြည်သူများသည် ကြီးမားပြင်းထန်လှသည့် သဘာဝဘေးအန္တရာယ်ကြီးကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသော်လည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ဝိုင်းဝန်းကူညီဖေးမမှုဖြင့် ဦးမည္ဆွတ် အရှုံးမပေးဘဲ ကြံ့ကြံ့ခံရပ်တည်ခဲ့သည့်အတွက် နောက်ဆက်တွဲသေကျေပျက်စီးမှု တစ်စုံတစ်ရာ မရှိခဲ့ဘဲ မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူနေမှုစနစ်နှင့် ပတ်ဝန်းကျင် အသစ်တွင် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ကြသည်တို့ကို တွေ့ရှိရသည့်အတွက် မုန်တိုင်းသင့်ပြည်သူများ၏ စိတ်ဓာတ်ကို လှိုက်လှိုက်လှဲလှဲ လေးစားချီးကျူး မှတ်တမ်းတင်ပါကြောင်း အလေးအနက်ထား ပြောကြားလိုကြောင်း၊ ဤစိတ်ဓာတ်ကို အခြေခံပြီး မိမိတို့၏ တစ်ဦးချင်း၊ မိသားစုအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် လူတိုင်းလူတိုင်းကိုယ်စီကိုယ်င အလုပ်ကိုကြိုးစားလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း။

ကျန်းမာရေး ဝန်ထမ်းများအပိုင်းကလည်း ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်ထက်မြက် မြင့်မားသည့် လူ့အဖွဲ့အစည်းကြီး ဖြစ်လာအောင် ပညာရပ်ပိုင်းဆိုင်ရာများ စဉ်ဆက်မပြတ်တိုးတက်မြင့်မားနေအောင် အစဉ်လေ့လာသင်ယူနေကြရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူလူထုအပေါ် ကျန်းမာရေး စောင့်ရှောက်မှုများ ဖြည့်ဆည်းပေးရာတွင်လည်း ပြည်သူလူထု စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု ရရှိအောင် လှိုက်လှဲနွေးထွေးစွာ ဝန်ဆောင်မှုပေးကြရန်၊ ကျေးလက်ဒေသများအထိ ကျန်းမာရေး အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာအောင် ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့် စေတနာဖြင့် ပြုစုပျိုးထောင်ပေးထားပြီးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများကို နိုင်ငံသားအားလုံး တန်းတူရည်တူ ဝေမျှခံစားနိုင်ကြစေရန် ကျန်းမာရေး လုံခြုံမှု အရိပ်အာဝါသကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာအောင် တိုးချဲ့ဆောင်ရွက်သွားကြရန် ယခုကဲ့သို့ အခါအခွင့်သင့်ခိုက်တွင် အလေးအနက်ထား မှာကြားလိုကြောင်း၊ ပြည်သူ့ဆေးရုံများသည် ပြည်သူများ၏ ကိုယ်ခန္ဓာနှင့် စိတ်ဓာတ် ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၄ နာရီ ကာလပတ်လုံး တာဝန်ရှိနေသည် ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကိုးထိုက်သော ကျန်းမာရေး ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တွင် အရေးကြုံလာသည့်အခါတိုင်း နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အခက်အခဲ ဘေးဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားအောင်မြင်နိုင်ခဲ့သည့် အစဉ်အလာကို နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးမှ သင်ခန်းစာရယူပြီး နိုင်ငံတော်၏ ပြည်သူလူထု တစ်ရပ်လုံးအတွက် အထူးအရေးကြီးလှသည့် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်တော့မည့် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲပြီး ကျရာကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူကောင်း လူတော်များ၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လိုသူများအား မှန်ကန်သည့် အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ဆုံးဖြတ်ရွေးချယ်နိုင်ကြပါစေရန် တိုက်တွန်းပါကြောင်း၊ ဤရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် နိုင်ငံသားတိုင်းနှင့်လည်း သက်ဆိုင်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကြီး ပျက်စီးရာ ပျက်စီးကြောင်း ကြံစည် ဆောင်ရွက်နေသူများအား နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ ဝိုင်းဝန်းဆန့်ကျင်တားဆီးသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ လပွတ္တာမြို့နယ် ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရင်းနှီးစွာနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ဒေသ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ရင်းနှီးစွာ နှုတ်ဆက်သည်။

အဆိုပါ ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီး၌ ပြင်ပလူနာဌာန၊ အရေးပေါ်ကုသဌာန၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးရောဂါကုသဆောင်၊ သားဖွားနှင့် မီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ အထူးကုသခန်းနှင့် ခွဲစိတ်ခန်းများ ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေအား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း အားကစားမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေပေးအပ်ခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုငွေသားဆုချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၈

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များရှိ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားမြှင့်တင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေပေးအပ်ခြင်းနှင့် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ်လက်ရွေးစင် အားကစားသမား ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုငွေသားဆု ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အလှူရှင်ဖြစ်သူ ဝေမိသားစု ကျောက်မျက်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းရှဲန်က ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ပညာရေးကောလိပ်များရှိ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားမြှင့်တင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး ဦးစိုင်းရှဲန်နှင့် ဇနီး ဒေါ်ခင်စောလှိုင်မိသားစုတို့က အလှူငွေကျပ် သိန်း ၂၀၀၀ ကို ဒုတိယဝန်ကြီးထံ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် အလှူရှင်ဖြစ်သူ ဝေမိသားစု ကျောက်မျက်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းရှဲန်နှင့် ဇနီး ဒေါ်ခင်စောလှိုင်မိသားစုတို့က ရန်ကုန်မြို့၌ ကျင်းပပြီးစီးခဲ့သော စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် ရွှေ၊ ငွေဆုတံဆိပ်များရရှိခဲ့ကြသော တက္ကသိုလ်ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့အား ရွှေတံဆိပ်ဆုတစ်ဆုလျှင် ငွေကျပ်သုံးသိန်းနှုန်း၊ ငွေတံဆိပ်ဆုတစ်ဆုလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၇ သိန်းကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ ကျင်းပမည့် အာရှတက္ကသိုလ်ပေါင်းစုံ အနောက်တိုင်းလေ့လှော်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၄၈၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အဌမအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို အောက်တိုဘာ ၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၂၀၅) ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် အသင်းသားများ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ကြေးမုံ)

နေအိမ်နှင့် အဆောက်အအုံ အလှဆင်လုပ်ငန်းများ စွမ်း (ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ) က ဆောင်ရွက်ပေးနေ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာမှု အလှဆင်ခြင်းလုပ်ငန်းများကို မြန်မာမှုဗိသုကာပညာရှင် ပန်းပုဆရာကြီး ဦးလှကြူး၏ နည်းစနစ်အတိုင်း သွပ်ပန်း၊ အင်္ဂတေပန်း၊ သစ်သားပန်းနှင့် ပရိဘောဂများကို T- Group အောက်ရှိ စွမ်း (ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ) မြန်မာမှု အလှဆင်လုပ်ငန်းက လုပ်ငန်းအပ်နှံသူများ၏ စိတ်တိုင်းကျ နယ်များအထိ လက်ခံဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြန်မာမှု ပန်း ၁၀ မျိုးတွင် ပါဝင်သော ပန်းပု၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့နှင့် ပန်းရန် ကျွမ်းကျင်သော ပညာရှင်များ စုစည်းနေသည့် စွမ်း (ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ) မြန်မာမှုအလှဆင်ခြင်းလုပ်ငန်းက နေအိမ်နှင့် ဟိုတယ်၊ မိုတယ်တို့ရှိ ဘုရားခန်း၊ ရုံးခန်း၊ ဧည့်ခန်းစသည်တို့၏ အတွင်းပိုင်းတွင် မြန်မာမှု ပန်းပု ကနုတ်ပန်းများဖြင့် အလှဆင်ခြင်း၊ အဆောက်အအုံ အတွင်းနှင့်အပြင်တို့တွင် အသုံးပြုနိုင်သည့် ပရိဘောဂများ စိတ်ကြိုက်ဆောင်ရွက်ပေးခြင်း၊ ဘုရားဆင်းတုတော်များကို မုဒြာအမျိုးမျိုး ထုလုပ်ပေးခြင်းအပြင် ရွှေအစစ်ချပေးခြင်း၊ အဆောက်အအုံ အပြင်ပိုင်းတွင် အင်္ဂတေကနုတ်ပန်းများဖြင့် အလှဆင်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် အဆိုပါအဆောက်အအုံများ၏ မုခ်ဦးများကိုပါ အင်္ဂတေပန်းများဖြင့် အလှဆင်ပေးခြင်း စသည့် မြန်မာမှု လုပ်ငန်းများကို နေရာဒေသမရွေး လုပ်ငန်းအပ်နှံသူများ၏ စိတ်တိုင်းကျ ညှိနှိုင်း၍ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေး အာမခံဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေအိမ်နှင့် အဆောက်အအုံများ၏ အတွင်းပိုင်း အပြင်ပိုင်းများတွင် မြန်မာမှု အလှဆင်ခြင်းလုပ်ငန်းများအပြင် ဆင်းတုရုပ်ပွားတော်အမျိုးမျိုး ထုလုပ်ပူဇော် လှူဒါန်းလိုသူများသည် ဗိသုကာပညာရှင် ပန်းပုဆရာကြီး ဦးလှကြူး၏တူ ကိုဇာနည် (DIPLOMA IN MECHATRONICS SINGAPORE POLYTECHNIC) စွမ်း (ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ) မြန်မာမှုအလှဆင်လုပ်ငန်း ဖုန်း ၀၉-၅၀၈၅၂၂၉၊ E-mail: kzarni@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကတ္တရာခင်းကျင်းမှု စစ်ဆေး

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့ပြလမ်း တစ်လမ်းဖြစ်သော စော်ဘွားအင်းလမ်း ကတ္တရာခင်းပြီးစီးမှု အခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချယ်ရီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းဆောင်ရွက်မှု အခြေအနေ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း အဝီစိတွင်း တူးဖော်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမှတ်(၅)ရပ်ကွက် မူလတန်းကျောင်း၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး ရေထိန်းကန်တွင် မိုးရာသီကာလအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် ရေထိန်းသိမ်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ဂျူးအခြေစိုက် အိမ်ရာတည်ဆောက်မှု ရပ်တန့်ရန်လို

ဂျေရုဆလင် စက်တင်ဘာ ၂၈

အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ အမေရိကန် အထူးသံကိုယ်စားလှယ် ဂျော့ဂျ်မစ်ချဲလ် ယင်းဒေသသို့ရောက်ရှိစဉ်အတွင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလကို သက်တမ်းထပ်တိုးရန် တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

သံခင်းတမန်ခင်းအရ လွန်းပြန်ဖြေရှင်းခဲ့ပြီးနောက် စက်တင်ဘာ ၂ ရက်တွင် စတင်နိုင်ခဲ့သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် စက်တင်ဘာ ၂၆ ရက်က အနောက်ဘက်ကမ်း ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလ သက်တမ်းကုန်ဆုံးခဲ့ပြီးနောက်ပိုင်း ပျက်စီးမည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုရက်သတ္တပတ်အတွင်း ပါလက်စတိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်းမှသာလျှင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ ၎င်း၏ တရားဝင်ရပ်တည်ချက်ကို ကြေညာမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရပ်တန့်လိုခြင်း မရှိသော်လည်း အခြေစိုက်အိမ်ရာများ ဆက်လက်တည်ဆောက်နေသရွေ့ ယင်းဆွေးနွေးပွဲကို ရပ်တန့်ရမည့် နည်းလမ်းကိုသာ မိမိတို့ရွေးချယ်ရမည်ဖြစ်ကြောင်း မာမွတ်အဘတ်စ်က ပြောသည်။

အနောက်ဘက်ကမ်းဒေသရှိ အစ္စရေး တပ်ဖွဲ့များ၏ ကင်းစခန်းတစ်ခု။

အခြေစိုက်အိမ်ရာများ တည်ဆောက်ရေးလုပ်ငန်းထက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲက ပိုမိုအရေးကြီးကြောင်း အစ္စရေးဝန်ကြီးချုပ်အနေဖြင့် နားလည်သင့်သည်ဟု မာမွတ်အဘတ်စ်က ဆိုသည်။

အေအက်ဖ်ပီ။

ဝတ်မှုန်ကူး အင်းဆက်များ ကောင်ရေကျဆင်းမှု အိန္ဒိယ သီးနှံထုတ်လုပ်ရေးကိုထိခိုက်နိုင်

နယူးဒေလီ စက်တင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၌ ဝတ်မှုန်ကူး အင်းဆက် ပိုးမွှားများ ကောင်ရေ ကျဆင်းမှုသည် သီးနှံထုတ်လုပ်မှု စွမ်းအားကို ကျဆင်းစေပြီး ပြည်သူများ အာဟာရဓာတ် ရယူစားသုံးနိုင်မှုကိုလည်း ကန့်သတ်ချက်ဖြစ်ပေါ်စေကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဝတ်မှုန်ကူးနိုင်သော အင်းဆက်များ ပေါများမှုနှင့် စိုက်ပျိုးသီးနှံ ထုတ်လုပ်နိုင်စွမ်းတို့သည် ဆက်စပ်နေကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက အဆိုပါအစီရင်ခံစာတွင် ထောက်ပြထားသည်။

အကျိုးသက်ရောက်မှုရှိ

သဘာဝတရား၏ ဝန်ဆောင်မှု ကင်းမဲ့ပါက အိန္ဒိယနိုင်ငံ အမျိုးသား ထုတ်ကုန်တန်ဖိုး၏ ငါးပုံတစ်ပုံရှိသော စိုက်ပျိုးရေးကဏ္ဍတွင် အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်တို့က ပြောကြားသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ဝတ်မှုန်ကူး အင်းဆက်များကြောင့် သီးပွင့်ဖွံ့ဖြိုးခဲ့သော စိုက်ပျိုးသီးနှံ ထုတ်လုပ်မှု တန်ဖိုးပမာဏသည် အမေရိကန် ဒေါ်လာ ၂၂၄ ဘီလီယံမျှရှိသည်။

အိန္ဒိယ သိပ္ပံပညာရှင်များ၏ တွေ့ရှိမှုကို ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်၌ ပြုလုပ်သော ဗြိတိသျှ ဂေဟဗေဒအဖွဲ့၏ အစည်းအဝေးတွင် တင်ပြခဲ့သည်။

အင်တာနက်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ရှပ်ပျံယာဉ်များ ရရှိ

တီဟီရန် စက်တင်ဘာ ၂၈- အီရန် အစ္စလာမ့်စ်တော်လှန်ရေး အစောင့်တပ်ဖွဲ့သည် ရေဒါရှောင်ကွင်းနိုင်သော ရှပ်ပျံရေယာဉ်အုပ်စု သုံးအုပ်စုကို လက်ခံရရှိပြီဖြစ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်သံလိုင်းက အင်္ဂါနေ့တွင် ထုတ်လွှင့်သည်။

ယင်းရေယာဉ်များကို နိုင်ငံအတွင်းမှာပင် ထုတ်လုပ်နိုင်ခဲ့ပြီး ထောက်လှမ်းရေးနှင့် အချက်အလက်များလွှဲပြောင်းပေးပို့ခြင်းတို့ကို ဆောင်ရွက်နိုင်သည့်အပြင် လက်နက်များလည်းတပ်ဆင်သယ်ဆောင်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကြောင့် နိုင်ငံတကာက အရေးယူပိတ်ဆို့မှုများ ပြုနေလင့်ကစား စစ်ဘက်ဆိုင်ရာစွမ်းရည်များ တိုးတက်လာရေးအတွက် ကြိုးပမ်းရာတွင် ဤရှပ်ပျံရေယာဉ်များထုတ်လုပ်မှုသည် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အဆိုပါ ရှပ်ပျံရေယာဉ်အမျိုးအစားများသည် ကုန်းမြေ၌လည်းကောင်း၊ ရေပြင်၌လည်းကောင်း မောင်းနှင်နိုင်သည်။

အေပီ။

❖ကျောဖုံးမှ

သစ်တောပိုင် မြေဧရိယာများတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တိုင်းရင်းသားများနှင့် ပူးပေါင်းကာ ကျေးရွာထင်းစိုက်ခင်းများထူထောင်ခြင်း၊ ရေဝေရေလဲသစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများ၊ သဘာဝတန်ဖိုးမြင့်သစ်မာများ အစားထိုးစိုက်ပျိုးခြင်းများကို ဝန်ထမ်းများနှင့် ကျေးလက်ပြည်သူများ လက်တွဲဆောင်ရွက်၍ သစ်တောပြုန်းတီးမှုကို လျှော့ချလျက်ရှိသည်။

ဤသို့သော အစီအမံများအနက် မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သစ်တောဦးစီးဌာနမှ ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၇ ရက်က ဌာနဆိုင်ရာများနှင့်အတူ မိမိတို့သတင်းအဖွဲ့ ကွင်းဆင်းလေ့လာဖြစ်သည်။ ကွင်းဆင်းဆောင်ရွက်ရာသို့ သစ်တောရေးရာဝန်ကြီးဌာန လားရှိုးမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးလှဦးနှင့် ဝန်ထမ်းများသည် မိမိတို့သတင်းအဖွဲ့နှင့်အတူ လားရှိုးမှ နံနက် ၈ နာရီတွင် ကားဖြင့် လားရှိုး-သီပေါလမ်း (ပြည်ထောင်စုလမ်းမကြီး)အတိုင်း ထွက်ခွာလာခဲ့သည်။ ရှေးဦးစွာ ကျေးရွာပိုင် ယူကလစ်တစ်ဧကသို့ ရောက်ရှိကြသည်။ ကားပေါ်မှဆင်း၍ စိုက်ကွင်းရှိ ယူကလစ်ပင်များ ရှင်သန်ကြီးထွားနေမှုကို လေ့လာကြသည်။ ထို့နောက်မှ ထပ်မံ၍ ခရီးဆက်ခဲ့ကြသည်။ စဥ့်အင်တံတားရှိရာ စဥ့်အင်ကျေးရွာသည် လားရှိုးမှ ၂၂ မိုင်ကျော်တွင် ရှိပြီး ရေမြေသဘာဝစိမ်းစိုကာ သစ်တောထူထပ်သော ပတ်ဝန်းကျင် အနေအထားဖြင့် သီပေါနှင့်လားရှိုးမြို့နယ်စပ်ကြားတွင် တည်ရှိသည်။

စဥ့်အင်သို့ မရောက်မီမှာပင် လမ်းဘေးဝဲ၊ ယာမှာ (၁၅)နှစ်သားခန့်ရှိ ကျွန်းပင်ပျိုများကို အစီအရီတွေ့ခဲ့ရသည်။ ကားပေါ်မှဆင်း၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။ "ကျွန်တော်တို့မြို့နယ်ထဲမှာ လမ်းဘေးဝဲ၊ ယာ ကျွန်း ၂၈၁၅ ပင် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ရည်မှန်းချက်က အပင် ၁၅၀၀ ဆိုပေမယ့် ကျွန်တော်တို့ ကျော်လွန်စိုက်နိုင်ခဲ့တာပါ"ဟု မိမိနံဘေးမှ မြို့နယ်သစ်တောအရာရှိ ဦးလှဦးက မိမိမြင်ကွင်းတွင် ရှိနေသော သိလိုသည်များကို ရှင်းပြသည်။

လားရှိုးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆ ပေအမြင့်တွင်

သက်တမ်း (၁၅) နှစ်ရှိ ကျွန်းပင်ပျိုများကို လမ်းဘေး ဝဲ၊ ယာတွင် ဤသို့တွေ့ရသည်။

တည်ရှိပြီး တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန် ၆၁ ဒသမ ၀၅ လက်မ ရွာသွန်းရာ ကျွန်းပင်စိုက်ပျိုးရန် သင့်တော်သော မိုးရေချိန် ၂၆ လက်မနှင့် လက်မ ၁၂၀ ကြားတွင် ပေါက်ရောက်နိုင်ပြီး လက်မ ၅၀ နှင့် လက်မ ၇၀ ကြားတွင် အပင်ကြီးထွားမှု ပိုမိုကောင်းမွန်သည်ဟုဆိုသဖြင့် ဤဒေသရေမြေမှာ အထူးသင့်တော်သော သဘာဝပေးအခြေအနေဖြစ်သည်။

စဥ့်အင်ကျေးရွာပိုင် သစ်မာ(ယူကလစ်) တစ်ဧက စိုက်ခင်း၊ ထိုမှကျွန်းတစ်ဧက စိုက်ခင်းတို့ကို ရောက်ရှိ၍ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုလေ့လာကြသည်။ လားရှိုးမြို့နယ်တစ်ခုလုံးရှိ ကျေးရွာ ၂၃၂ ရွာတွင် တစ်ရွာလျှင် တစ်ဧကနှုန်းဖြင့် ကျွန်းပင် ၅၁၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ အလားတူပင် သစ်မာ(ယူကလစ်)ပင်များကိုလည်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသည်ဟု ဆိုပါသည်။

လားရှိုးမြို့နယ် သစ်တောဦးစီးဌာန၏ ပူးတွဲမြို့နယ်အဖြစ် သိန္နီမြို့နယ်၊ မိုင်းရယ်မြို့နယ်များတွင်လည်း ကျေးလက်အိမ်ရာထူထောင်ရေး၊ တစ်အိမ်ထောင် ကျွန်းသုံးပင်ကို နှစ်မြို့နယ်ပေါင်း ၅၁ ရွာတွင် ကျွန်းပင်ရေ ၇၂၀၀ စိုက်ပျိုးပြီးစီးခဲ့သည်။ တစ်ရွာတစ်ဧက သစ်မာ(ယူကလစ်)စိုက်ခင်းတွင် လားရှိုးမြို့နယ် စဥ့်အင်ရွာတွင် ပင်ရေ ၃၀၀ နှင့် သိန္နီနှင့် မိုင်းရယ်မြို့နယ်တို့တွင် အပင်ပေါင်း ၆၀၀ စိုက်ပျိုးရှင်သန်နေပြီဖြစ်ကြောင်း ဆိုပါသည်။ တစ်အိမ်ထောင်ချင်း အနေဖြင့် ပင်ရေ ၂၀ ကို စိုက်ပျိုးရန် လျာထားရာ ပင်ရေ ၃၀၀၀၀ နှင့် သိန္နီမြို့နယ်တွင် ပင်ရေ ၂၀၀၀၊ မိုင်းရယ်မြို့နယ်တွင် ပင်ရေ ၃၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီကျွန်းနဲ့ ယူကလစ်တစ်ဧက စိုက်ခင်းတွေက စဥ့်အင်ကျေးရွာပိုင် စိုက်ခင်းဆိုတာကို အားလုံးသဘောပေါက်အောင် ပြောထားတယ်။ သူတို့အတွက် ကျွန်တော်တို့ ဝန်ထမ်းတွေ စိုက်ပျိုးထူထောင်ပေးတာပါ။ အရှည်သဖြင့် ပြုစုထိန်းသိမ်းဖို့ သူတို့ရွာသားတွေက တာဝန်ဆက်ယူရမယ်"ဟု သစ်တောမှ တောအုပ်ကြီး (ဒု-ဦးစီး) ဦးဝင်းထိုက်က ရှင်သန်ဖြစ်ထွန်းနေသော ကျွန်းပင်များကို ညွှန်ပြရှင်းလင်းသည်။

ဤသို့သော အစီအမံများ အောင်မြင်ပြီးမြောက်ရေးအတွက် ဒေသအာဏာပိုင်တို့၏ ပံ့ပိုးကူညီမှုအပါအဝင် ဒေသခံပြည်သူတို့၏ အသိအမြင်ကျယ်ပြန့်စွာ နားလည်မှုလည်း အထူးလိုအပ်သည်ဖြစ်ရာ မြို့နယ်သစ်တောဦးစီးဌာနမှူးက ဆောင်ရွက်ရမှု အခက်အခဲများကို ရှင်းပြခဲ့သည်။

"ကျေးရွာပိုင် ကျွန်းစိုက်ခင်းတွေ ဖြစ်လာဖို့ အတော်လေးကို သဘောပေါက်အောင် ပြောပြရတယ်ဗျ။ အမှန်တော့ ကျွန်တော်တို့ မြန်မာပြည်မှာ ကျွန်းပင်ဆိုတာ ဘယ်မှာပဲပေါက်ပေါက် ကိုယ့်အိမ်ဝင်းထဲမှာပဲပေါက်ပေါက် ခုတ်ပိုင်ခွင့်မရှိဘူး။ နိုင်ငံတော်က ပိုင်တယ်လို့ပဲ သိထားကြတာလေ။ ဒါက အရိုးစွဲအစဉ်အလာတစ်ခုလို ဖြစ်နေတာ။ ခုမှ နိုင်ငံတော်အစိုးရက ကိုယ်ပိုင်ပုဂ္ဂလိက သစ်တောသစ်ပင် စိုက်ပျိုးခွင့်ပြုလာတာမို့ အယုံအကြည်နည်းနေတာပါ။ လက်တွေ့ပြဖို့ကလည်း ကျွန်းပင်လို အပင်မျိုးက သက်တမ်း၃၀၊ ၄၀ လောက် အနည်းဆုံးရှိမှ ခုတ်လှဲနိုင်၊ အကျိုးအမြတ်ပေါ် နိုင်တာကလား။ ယခု သည်စဥ့်အင်ကျေးရွာစိုက်ခင်းက ကျွန်တော်တို့ ဝန်ထမ်းတွေ ဦးဆောင်စိုက်ပျိုးခဲ့တာပါ။ ဒီစိုက်ခင်းဟာ ခင်ဗျားတို့ရွာ ပိုင်တယ်လို့ အာပေါက်အောင်ပြောပေမယ့် စိတ်ပါလက်ပါယုံကြည်ပုံမရဘူး။ မတတ်နိုင်ဘူး။ ဒီကျွန်းပင်တွေခုတ်လှဲချိန် အကျိုးအမြတ်ရရှိလာတော့မှ သူတို့ သဘောပေါက်ကျေးဇူးတင်ကြမယ်" ဟူ၍ ရှည်လျားစွာဖြင့် အပြန်ခရီးတစ်လျှောက် ရှင်းပြလာခဲ့သည်။

သစ်တော၊ သစ်ပင်ချစ်ခင်သည့် လူမျိုး မိမိတို့မြန်မာပြည်သည် နိုင်ငံတကာတွင် ဆိုးဆိုးရွားရွား ရင်ဆိုင်နေကြရသော သဘာဝဘေးဆိုးများမှ ရှောင်ရှားလာနိုင်စေရန် ကိုယ်စီကိုယ်င အသိတရားဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အလေးဂရုပြုကြရမည်ဖြစ်သည်။ သစ်တစ်ပင် စိုက်ပျိုးခြင်းသည် ဇရပ်တစ်ဆောင် ဆောက်လုပ်သကဲ့သို့ ကုသိုလ်ရရှိပါကြောင်း "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားခိုရာ"ဟူသော ဆိုရိုးစကားက သက်သေပြပါသည်။ သစ်တစ်ပင်စိုက်ခြင်းဖြင့် နေ့စဉ်နှင့်အမျှ ကုသိုလ်ဒါနပွားများနိုင်ကြစေရန် ရည်သန်ဆန္ဒ၊ စေတနာရင်မှာ ခိုတွယ်လျက် အပြန်ခရီး ဆန့်ခဲ့ပါကြောင်း မှတ်တမ်းပြု ရေးသားရပါသည်။ ။

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့် အခြေအနေဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၇၄ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ရန်ကုန်မြို့လယ်တွင် ၁ ဒသမ ၂၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

စက်တင်ဘာ ၂၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သံတွဲမြို့နယ်နှင့် ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် စက်တင်ဘာ ၁၅ ရက်တွင် သံတွဲ-ဂွ ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဂွမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဂွမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကျိန္တလီမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန်က ဆေးရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကာ လူနာများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၂၅ ရက်က စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကုံကော်ခန်းမ၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ထင်ပေါ်ဦးအား မြို့နယ်ပညာရေးမှူး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပုဇွန်တောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၈

ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံ ရှင်းလင်းတင်ပြပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဆရာဦးမျိုးမြင့်(တက္ကသိုလ်မျိုး)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အထွေထွေအတွင်းရေးမှူး ဦးစိန်သန်း၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်အောင်(သတင်းထောက် ခင်အောင်)နှင့် အတွင်းရေးမှူး ဦးသန်းထွန်း(သီဟရောဝတီ)၊ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဥက္ကဋ္ဌ ဦးခင်အောင်နှင့် အတွင်းရေးမှူး ဦးသန်းထွန်းတို့က အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ နှစ်ပတ်လည် အစီရင်ခံစာနှင့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြု၍သဘာပတိ ဦးခင်အောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၂၃)

Global Greatness Co., Ltd.က ကြီးမှူး၍ ISO 9001: 2008 နှင့် HACCP Certificate ပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

Global Greatness Co., Ltd. က ကြီးမှူး၍ ISO 9001: 2008 နှင့် HACCP Certificate ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ CHATRIUM HOTEL ၌ ကျင်းပသည်။

အခမ်းအနားတွင် Global Greatness Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ (KMUTT), Professor Pravate မှ Food Safety Management System (HACCP & ISO 22000) အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Trader's Hotel မှ ဒေါက်တာဘိုဘိုက HACCP အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Global Greatness Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက HACCP Certificate ရရှိကြသည့် Shwe Yamone Manufacturing Co., Ltd., May Yu Marine Products Co., Ltd., Shwe Myanmar Fish & Prawn Processing & Cold Store တို့ကို လည်းကောင်း၊ ISO 9001: 2008 Certificate ရရှိကြသည့် Ayeyar Hinthar Group of Companies၊ ညောင်တုန်း အစာတောင့်နှင့် ရေခဲစက်ရုံ၊ Western Park Restaurant တို့ကို လည်းကောင်း Certificate များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ISO 9001: 2008 Certificate များရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် Quality Management Representative (QMR) များနှင့် HACCP Team Leader တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် Ayeyar Hinthar Group of Companies မှ ဒါရိုက်တာ ဦးရဲမင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

Global Greatness Co., Ltd . မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်း HACCP Certificate ရရှိသည့် Shwe Yamone Manufacturing Co., Ltd. အား Certificate ပေးအပ်စဉ်။ (သတင်းစဉ်)

Global Greatness Co., Ltd. သည် အင်္ဂလန်နိုင်ငံ အခြေစိုက် Global Group ၏ Overseas Strategic Partner ဖြစ်သည်။

ဝန်ဆောင်မှုပေး

Global Greatness Co., Ltd. သည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံများအတွက် UKAS (United Kingdom Accreditaion Servicer) မှ စိစစ်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု ISO Certificate (Internal Organization for Standardzation) အမျိုးမျိုးကို ရရှိအောင် ဝန်ဆောင်မှုပေးလျက်ရှိသည်။

Global Group မှ ပေးအပ်သည့် ISO/HACCP Certificate များ၏ မှန်ကန်မှုကို Online မှ တစ်ဆင့် http://www.globalgroup.net တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

Global Greatness Co., Ltd. ၏ လိပ်စာမှာ (၁၄၆) ပထမထပ် (၄၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၂၄၀၁နှင့် ၃၉၈၇၉၈၊ E.mail: globalgreatness@gmail. com, winglobal@myanmar.com.mm. md @globalgreatness.com , www. globalgroup.net ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လှိုင်းဘွဲ့မြို့နယ် ကော့ပေါ်ကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

လှိုင်းဘွဲ့ စက်တင်ဘာ ၂၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာပေါင်ကျေးရွာအုပ်စု ကော့ပေါ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာ့ဗိမာန်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ကျောင်းနာယက ဆရာတော် ဘဒ္ဒန္တကေသရ၊ ရန်ကုန် ဘုံကျော် ဆရာတော်နှင့် ဘဒ္ဒန္တပဏ္ဍဝံသနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဒီစန်းဒါ၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးခရမ်းသီးက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာရွက်စာတမ်းများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ဒီစန်းဒါက လက်ခံယူသည်။ ကျောင်းဆောင်သစ်မှာ အလျားပေ ၇၀၊ အနံပေ ၃၀ ဖြစ်ပြီး ကုန်ကျတန်ဖိုးငွေကျပ်သိန်း ၈၀ ဖြစ်သည်။ (မြို့နယ်ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇီးကုန်း - ဘော်ဘင် ကျေးလက်မြေနီလမ်း ကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မကျီးကန်-ငှက်အော် စမ်းလမ်း ကျေးရွာချင်းဆက်လမ်း အဝင်ဆိုင်းဘုတ်ပြီးစီးမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ရပ်ကွက်အတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးများ ခတ်ခြင်းတို့ကို ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခမောက်ကြီးမြို့နယ် မြို့အဝင်ဆိုင်းဘုတ်ရှေ့ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဈေးများ လုံခြုံမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁ရက် (သောကြာနေ့)သည် ဘဏ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပထမအကြိမ် အလက(၈)အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း၊ မြောက်ဥက္ကလာပ မြို့နယ်တွင် ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ/ဆရာမကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော အသက်(၅၀)နှင့်အထက် ဆရာ/ဆရာမ၊ လုပ်သက်တစ်ဆက်တည်း (၂၀)နှစ်နှင့် အထက်ရှိ ဆရာ/ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပမည် ဖြစ်ပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ၁၀-၁၀-၂၀၁၀ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် မွန်းလွဲ ၁း၀၀ နာရီ
ကျင်းပမည့်နေရာ "အောင်တေဇခန်းမ" အလက(၈)မြောက်ဥက္ကလာပ

ဆက်သွယ်လျှဒါန်းရန်-

ဦးသန်းရီ(ကျောင်းအုပ်ကြီး)	ဖုန်း- ၆၉၉၂၇၉
ကိုစိုးဝင်းအောင်	ဖုန်း- ၀၉-၅၀၃၂၀၉၃
ကိုဝင်းကြိုင်	ဖုန်း- ၀၉-၅၄၁၃၂၆၃
ကိုမျိုးမင်းထွန်း	ဖုန်း- ၀၉-၅၄၀၉၉၆၉
(နဒီဆိုင်)	ဖုန်း- ၇၃၀၉၉၉၅၉
သွင်မောင်မောင်ဦး	ဖုန်း- ၀၁ ၅၅၆၇၇၆
မသန္တာထွန်း	ဖုန်း- ၀၉ ၅၀၈၅၁၂၂

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
အလက(၈)ကျောင်းသူ/သားဟောင်းများ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှမန္တလေးမြို့၊ အရှေ့မြောက်မြို့နယ်၊ ပေမာဇလရပ်ကွက် အပိုင် အကွက်အမှတ် (၆၁၇)၊ ဦးပိုင်အမှတ် (၁၁၁)၊ ဧရိယာ (၀. ၀၆) ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် တည်ဆောက်ထားသော အမှတ် (၆၁၇)၊ ၇၇ လမ်း (၂၈×၂၉) ကြားရှိ မြေနှင့် အဆောက်အအုံပေါ်ရှိ အကျိုးခံစားခွင့် အသီးသီး တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြသော ဒေါ်မာမာ (EMDY-277921) နှင့် ဦးခင်မောင်ချို (MDYNE-006459) တို့ထံမှ အပြီးအပိုင် ဝယ်ယူရန် စကားကမ်းလှမ်းထားပြီး တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည့် ပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ရရန်ပေးရန်ရှိသူများနှင့် ဖော်ပြပါပစ္စည်း အပေါ် အမွေဆက်ခံပိုင်ခွင့်ရှိသူများအပါအဝင် ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၍ကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်း/ဝယ်မှုကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
(စိန်ဂွန်း) ခင်မောင်သန်း-၆၀၅၁ (LL.B)
(DBL, DML,DIL,DA,Psy)
အမှတ်(၁၁၃)၊ (၅+၆) လွှာ(ဝဲ)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၀၆၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကုန်းဘောင်(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၀၂)၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အလျား ပေ၆၀ × အနံ ပေ၄၀၊ ဧရိယာ (၂၄၀၀) ဧကအား တရားဝင်ဂရန်အမည်ပေါက် ပိုင်ဆိုင်နေထိုင်သော ဦးကျော်(ဘ) ဦးသောင်း [၁၂/ဥကတ(နိုင်)၀၅၈၀၆၆/CG-၀၇၃၂၃၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထို့နေ့ရက် ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက အရောင်းအဝယ်အား ကျွန်ုပ်၏မိတ်ဆွေ ဂရန်အမည်ပေါက်ဖြစ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း(LL.B) (အထက်တန်းရှေ့နေ)
လိုင်စင်အမှတ်-၂၅၁၃၄
အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉၅၀၇၃၇၄၈

ဦးမင်းဇော်ဦး[၆/ထဝန(နိုင်) ၀၁၁၀၇၇]သိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အကွက်အမှတ်-၄၆/၁၆၅၈ နှင့် ၄၆/၁၉၅၉တို့အနက် အကွက်အမှတ်-၄၆/၁၆၅၉ အား ဗိုလ်မှူးတင်ထွန်း ပိုင်ဆိုင်သောအကွက်ဖြစ်၍ မြေကွက်ပိုင်ရှင်မှ လူကြီးမင်းအား ယုံကြည်အပ်နှံထားရာ လူကြီးမင်းမှ ဗိုလ်မှူးတင်ထွန်း သဘောတူညီချက်မရှိဘဲလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိန်ခေါ်လ်ဇကျိန်ထံ ကျပ် ၇၅ သိန်းဖြင့် ရောင်းချပါသည်။ မြေကွက်(၂)ကွက်အား တစ်ကွက် ကျပ် (၇၅)သိန်းဖြင့် စုစုပေါင်းကျပ်သိန်း ၁၅၀ တိတိဖြင့် စာချုပ်ပြုလုပ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ငွေပေးချေပြီးဖြစ်ပါသည်။ ငွေပေးသည့်နေ့မှာ ၉-၁၀-၂၀၀၈ ရက် ဖြစ်ပါသည်။

သို့ပါ၍ မြေကွက်အမှတ်-၄၆/၁၆၅၉ အကွက်အား ပိုင်ရှင်၏ သဘောတူညီမှုမရှိဘဲ ရောင်းချသည့် ကိစ္စနှင့်ပတ်သက်၍ကြော်ငြာသည့်နေ့မှစ၍(၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ရှင်းလင်းပါရန် အကြောင်းကြား သိစေအပ်ပါသည်။ အကွက်အမှတ်-၄၆/၁၆၅၈ လည်း ထပ်ဆင့်ရောင်းချပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်နိန်ခေါ်လ်ဇကျိန်၏ညွှန်ကြားချက်အရ-
ဦးဒိုင်ဆွင်ခမ် B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၆၅၈၅/၉၈
အမှတ်-၂၂၈၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်

စာအုပ်စာပေ လူ့မိတ်ဆွေ

ဆံပင်ကျွတ်လို့စိတ်ညစ်နေသူများ နှင့် ထိပ်ပြောင်သူများအတွက်သတင်းကောင်း

[illegible] (၂၀၀၀)[illegible]

[illegible] **101** [illegible]

[illegible] ၂၉-၉-၂၀၁၀ မှ ၂-၁၀-၂၀၁၀ ထိ [illegible]

Hair Regrowth Centre (1) [illegible] 01-251230
Hair Regrowth Centre (2) [illegible] 01-518088
Hair Regrowth Centre (3) [illegible] 02-62253

[illegible] (၁) (၂) (၃) တွင် **101** [illegible] Hair Tonic [illegible]

101 Hair Tonic (1) [illegible]

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
ပြည်ခရိုင်နယ်တရားမရုံးတော်၌
၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၂

ဦးစန်းအောင် နှင့် ၁။ ဦးဇော်ဝင်း
၂။ ဒေါ်ခိုင်ခိုင်တိုးမြင့်
(တရားလို) **(တရားပြိုင်များ)**

ဦးဇော်ဝင်း(မန်းရွှေပြည်) မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ဆေးရုံသစ်လမ်း၊ အမှတ်-၁၇၃/၁၇၄ (သို့မဟုတ်)၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အဝေးပြေးဂိတ်ဝင်း၊ အဆောင်(၃)၊ အခန်း(၃၅)၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျန်ငွေနှင့် နစ်နာကြေးရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၀ ရက်(၁၃၇၂ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်ကြည်စိန်း
ခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အုတ်တွင်းမြို့နယ်တရားရုံး
၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၁၀)

မမြတ်စု နှင့် မောင်ဖြိုးဝေ
(တရားလို) **(တရားပြိုင်)**

မောင်ဖြိုးဝေ(ဘ)ဦးသောင်းမြင့်၊ လယ်လုပ်၊ မအူပင်ကျေးရွာ၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ အုတ်တွင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက 'မယားစရိတ်နစ်နာကြေး တစ်နှစ်စာ၏ အမြတ်(၁၀)ဆ ကျပ်သိန်း ၃၀ ရလိုမှု ' နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၅ ရက် (၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းနိုင်
မြို့နယ်တရားသူကြီး
အုတ်တွင်းမြို့နယ်တရားရုံး

ဒေါ်သဇင်မြင့် [illegible]
[illegible]
Hot Line :095165230, 095165231

မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရှမ်းစုမြောက်ရပ်ကွက် ဝန်းသိုဘုန်းကြီးကျောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ ကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်နှင့်အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

သာကေတမြို့နယ် (၆)အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ကန်လမ်း (၆)မိုင်ခွဲ လှိုင်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း)-ဒေါ်ကြည်ကြည်မြင့်၊ သား မောင်နေမျိုးလတ်၊ သမီး ဒေါက်တာအေးသီတာလတ်၊ မအေးသန္တာလတ် မိသားစုက ငွေကျပ် ၂၃၀၀၀၀ ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွှန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရှင်းလင်းတင်ပြ

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးလင်းထွဋ်မှ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(၃) ပဲခူး အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ပဲခူးမြို့ အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ရွှေဝါထွန်း ဟိုတယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ကိုညွှန့်ဝင်း ဖုန်း-၀၉-၅၃၈၀၄၉၂၊ ကိုအောင်မျိုးခိုင် ဖုန်း-၀၉-၅၃၀၀၇၈၇၊ ကိုအောင်မိုးဟန် ဖုန်း-၀၉-၅၁၃၃၀၄၄၊ ကိုမင်းမင်းဇင် ဖုန်း-၀၉-၅၀၀၀၇၈၄၊ မနီနီကို ဖုန်း-၀၉-၅၄၀၅၄၀၇နှင့် မဥမ္မာမြင့် ဖုန်း-၀၉-၅၁၆၇၃၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တနိုင်းမြို့ သာယာလှပရေးဆောင်ရွက်

တနိုင်း စက်တင်ဘာ ၂၈

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တနိုင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်က တနိုင်းမြို့အဝင် ဆိုင်းဘုတ်၊ စည်းလုံးခြင်းသည်အင်အား ရုပ်တုနှင့် မြေယာရှုခင်းအလှဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းမြင့်သိန်းနှင့်အဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကဝမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်ရှေ့၌ အဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်စဉ်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀၅/၂၀၁၀)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၀၅/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော အဖွဲ့အစည်းများအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်သူ့လူ့ဘောင်သစ်ပါတီ(ပလဘသ)**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ နှင့် နည်းဥပဒေ ၇ အရ တည်ထောင်ခွင့်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြားသိနေကြသည့်အတိုင်းပင် ကမ္ဘာတစ်ဝန်း မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးရေလျှံခြင်းများ ကမ္ဘာမြေပြင်အနှံ့တွင် ဖြစ်ပေါ်နေသည်။ ဤသည်မှာ လူတို့ကြောင့် ပတ်ဝန်းကျင်ယိုယွင်းလာမှု၏ အကျိုးဆက်ဖြစ်ကြောင်း ပညာရှင်တို့က ထောက်ပြကြသည်။ ပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာကြီး ပူနွေးလာခြင်း၏ ၉၀ ရာခိုင်နှုန်းသည် လူသားများ၏ ပယောဂ ကြောင့်ဟု ဆိုပါသည်။

ယင်းသို့သော အခြေအနေဆိုးများကို အချိန်မီပြုပြင်နိုင်ကြရန် အရေးတကြီး လိုအပ်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ ရေ၊ မြေသဘာဝ ယိုယွင်းပျက်စီးမှုလျော့ပါးရေးအတွက် နိုင်ငံတစ်နံတစ်လျား အကျိုးများစေသော အစီအမံများရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့❖

စဉ့်အင်ကျေးရွာပိုင် ကျွန်းတစ်ဧက စိုက်ခင်း။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ရာမည-သွေးမွန်
အဆင်အပြင်-ကျော်စွာလင်း

ကရင်ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာစောစိုင်မွန်တို့၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။